မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တပေါင်းလပြည့်နေ့၊ ၂၀၁၀ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ရက်၊ စနေနေ့၊ အတွဲ (၄၉)၊ အမှတ် (၁၅၀)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန် ဖွံ့ဖြိုးရေးဒေသကြီး(၂၄)ခု၌ ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ် တစ်ခုစီဖွင့်လှစ်ပေးခဲ့

ကျောင်းသား ကျောင်းသူများ ကြိုးစားအားထုတ်ပြီး နိုင်ငံတော်အပေါ် သစ္စာစောင့်သိ အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေး(၃)ပါးကို အစဉ်ထိန်းသိမ်းစောင့်ရှောက် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတည်ဆောက်နိုင်ရေးအတွက်ကြိုးစား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် နည်းပညာတက္ကသိုလ်(မြစ်ကြီးနား)တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ကချင်ပြည်နယ် ပူတာအိုမြို့၌ ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ စာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ဖေဖော်ဝါရီ၂၄ရက် နံနက် ၈နာရီတွင် ပူတာအိုခရိုင် မချမ်းဘောမြို့နယ်၌ တည်ဆောက်လျက်ရှိသည့် ပူတာအို-ထဝါဒမ်း-ကောင်းမူလုံ-နောင်မွန်လမ်းရှိ မလိခမြစ်ကူး(ကောင်းမူလုံ) ကြိုးတံတား တည်ဆောက်ရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် တာဝန်ရှိသူများက တံတားတည်ဆောက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပူတာအို-ထဝါဒမ်း-ကောင်းမူလုံ-နောင်မွန်လမ်းရှိ မလိခမြစ်ကူး(ကောင်းမူလုံ) ကြိုးတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်)

တပေါင်းလပြည့်အခါသမယတွင် ကုသိုလ်အထူးထူးသိမြင်ကျင့်ကြံပွားများ

ယနေ့သည် ၁၃၇၁ခုနှစ် တပေါင်းလပြည့်နေ့ ဖြစ်သည်။ တပေါင်းလသည် ဆောင်းအကုန် နွေအကူး နွေဦးအစ အခါသမယဖြစ်သည်။

တပေါင်းလသည် နှစ်ဆယ့်ခုနစ်လုံးသောနက္ခတ်များ စုပေါင်းထွက်ပေါ်ခြင်းကြောင့်လည်းကောင်း၊ ထန်းရည်များ ပေါင်းစပ်ကျိုချက်သဖြင့် ထန်းပေါင်းဟူသောစကားမှ ရွေ့လျားလာခြင်းကြောင့်လည်းကောင်း တပေါင်းလဟု ခေါ်တွင်သည်ဟု အဆိုရှိခဲ့သည်။

တပေါင်းလ၏ ထူးခြားချက်ဝိသေသများမှာ စာပန်းချီဖွဲ့ဆို၍ မကုန်နိုင်ပေ။ အင်ကြင်းနှင့် သရဖီတို့ အပြိုင်ဖူးပွင့်ကြသည်။ ဥသြတွန်သံများက နွေသရုပ်ကို ဖော်ကျူးလျက်ရှိသည်။

တပေါင်းလပြည့်နေ့ကို မြတ်ဗုဒ္ဓ ပြည်တော်ဝင်အခါတော်နေ့အဖြစ် သတ်မှတ်၍ ကျင်းပလေ့ရှိသည်။ ရှင်တော်မြတ်ဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အင်္ဂတိုင်းသား၊ မာဂဓတိုင်းသားများနှင့် ဝေနေယျများစွာ သတ္တဝါတို့အား တရားရေအေးအမြိုက်ဆေး တိုက်ကျွေးလျက်ရှိသည်။ ခမည်းတော်သုဒ္ဓေါဒနမင်းကြီးသည် မြတ်စွာဘုရားအားပင့်ဖိတ်ရန် ဖွားဖက်တော် ကာဠုဒါယီအမတ်ကြီးအား ဦးဆောင်သွားရောက်စေခဲ့သည်။ မြတ်စွာဘုရားထံမှောက် ရောက်ရှိသူမှန်သမျှ တရားတော်ကိုနာကြား၍ ဧဟိဘိက္ခုရဟန်းများ ဖြစ်ခဲ့ကြသည်။ ကာဠုဒါယီမထေရ်သည် ရဟန္တာအဖြစ်ရောက်ရှိပြီး တပေါင်းလပြည့်နေ့တွင် တပေါင်းလ၏ သာယာပုံကို ဂါထာပေါင်း ၆၄ဂါထာဖြင့် သီကုံး၍ ဖွားရာဇာတိ ကပိလဝတ်နေပြည်တော်သို့ ကြွရောက်ရန် လျှောက်ထားတောင်းပန်တော်မူလေသည်။

ဘုရားရှင် ကပိလဝတ်ပြည်သို့ ကြွရောက်နိုင်အောင် ပင့်ဆောင်နိုင်ခဲ့သည့် အရှင်ကာဠုဒါယီ အပါအဝင် အခြားသောတပည့်သာဝကများထဲမှ ထူးချွန်ထက်မြက်သည့် သာဝကများကို ဘွဲ့တော်အသီးသီး ချီးမြှင့်တော်မူခဲ့သည်။

ယခုအချိန်အခါ၌ တပေါင်းလပြည့်နေ့တွင် နိုင်ငံတော်အစိုးရသည် မြတ်ဗုဒ္ဓ၏ သာသနာတော်ကြီး အရှည်တည်တံ့ပြန့်ပွား ထွန်းကားစေရေးအတွက် ထုံးတမ်းစဉ်လာရှိသည်နှင့်အညီ ချီးမြှောက်ဂုဏ်ပြုပူဇော်ပွဲများကို အလေးအမြတ်ပြု ဆောင်ရွက်လျက်ရှိသည်။

ယခုကဲ့သို့ ထူးမြတ်လှသော တပေါင်းလပြည့်နေ့အခါသမယတွင် ဗုဒ္ဓဘာသာဝင် ပြည်သူအပေါင်းသည် မြတ်ဗုဒ္ဓ၏ တရားထူး တရားမြတ်များကို နာကြားပြီး ကုသိုလ်အထူးထူးကို သိမြင်ကျင့်ကြံပွားများ အားထုတ်ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၂၇-၂-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၁၀	၃။	ဓမ္မပူဇာတေး
၇း၂၀	၄။	မျိုးချစ်တပ်မတော်
၇း၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ် ချိုနားဝင်
၇း၄၅	၇။	မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၉။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၁။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁း၀၀	၁။	မြဝတီအဖွင့်
၁၁း၀၅	၂။	အဖွင့်သီချင်း
၁၁း၁၀	၃။	မျိုးချစ်တပ်မတော်
၁၁း၂၅	၄။	ကာတွန်းအစီအစဉ် **လပြည့်ညရဲ့ စိန်ခေါ်သံ** (အပိုင်း-၂၇)
၁၂း၀၀	၅။	မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် **မမမြို့ကြီးသူ** မြင့်မြတ်၊ စိုးမြတ်နန္ဒာ၊ ခင်လေးနွယ် (ဒါရိုက်တာ-နေပိုင်)
၁၃း၃၀	၆။	ကျန်းမာသုတ
၁၄း၀၀	၇။	ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ကြင်နာသူရဲ့ ချစ်ရိပ်** (အပိုင်း-၁၂)

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ချစ်သူစုံတွဲ တူယှဉ်နွဲ
၄း၂၀	၄။	မြန်မာသံစဉ် ချိုနားဝင်
၄း၃၀	၅။	မျိုးချစ်တပ်မတော်
၄း၄၅	၆။	တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅း၀၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၄၀	၈။	ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀	၁၀။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၁။	လျှပ်တစ်ပြက်
၆း၃၀	၁၂။	**စားဖိုဆောင်ချစ်သူ**
၆း၄၅	၁၃။	ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မုန်းမုန်းမေ့မေ့**(အပိုင်း-၅၄)
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	နိုင်ငံတကာသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	အင်္ဂလိပ်စာသုတ
	၂၀။	လူရွှင်တော်စတား
	၂၁။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အရုဏ်ဦးအချစ်** (အပိုင်း-၃၅)
	၂၃။	**နှစ်ခေတ်ပြိုင်ချစ်သူ** (အပိုင်း-၅)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဘိုးဘွားရိပ်သာအတွက် ဆေးပဒေသာပင်စိုက်ထူလှူဒါန်း

မန္တလေး ဖေဖော်ဝါရီ ၂၆

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် ဇနီး ဒေါ်မိုးသီတာတို့သည် ဖေဖော်ဝါရီ ၉ရက် မွန်းလွဲ ၁၂နာရီခွဲက အောင်မြေသာစံမြို့နယ် မန်းတောင်ခြေဘိုးဘွားရိပ်သာတွင် ကျင်းပသော ဆေးပဒေသာပင်စိုက်ထူလှူဒါန်းပွဲသို့ တက်ရောက်၍ ဆေးပဒေသာပင် ငွေကျပ် သုံးသိန်းကို စိုက်ထူလှူဒါန်းသည်။

အဆိုပါ လှူဒါန်းပွဲသို့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ဌာနမှူးများ၊ မန်းတောင်ခြေဘိုးဘွားရိပ်သာကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်အေးဝင်းနှင့် အဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပေးအပ်

အခမ်းအနားတွင် ရန်ကုန်မြို့နေ ဒေါ်မူမူဟန်၏ မွေးနေ့အထိမ်းအမှတ်အဖြစ် သားဖြစ်သူ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် ဇနီး ဒေါ်မိုးသီတာ သမီးမခင်အင်ကြင်း မိသားစုတို့က လှူဒါန်းငွေကျပ်သုံးသိန်းကို ဆေးပဒေသာပင်စိုက်ထူလှူဒါန်းရာ ဘိုးဘွားရိပ်သာကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံယူပြီး**(အပေါ်ပုံ)** ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အောင်မြေသာစံမြို့နယ် မြောက်ပြင်ရပ်ရှိ အဆိုပါ ဘိုးဘွားရိပ်သာတွင် အသက် (၇၀)နှင့်အထက် အဘိုး ၁၇ဦး၊ အဘွား ၅၅ဦး စုစုပေါင်း ၇၂ဦးကို ပြုစုစောင့်ရှောက်လျက်ရှိပြီး ရိပ်သာအတွင်း ဘိုးဘွား ၄၀ဆံ့ အိပ်ဆောင်တစ်ဆောင်၊ ဧည့်ခန်းမဆောင် တစ်ဆောင်နှင့် ဝန်ထမ်းအိမ်တစ်လုံး ထပ်မံဆောက်လုပ်မည်ဖြစ်ကာ အလှူငွေများလှူဒါန်းလိုပါက လာရောက်ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(၃၁၃)

ဘူးသီးတောင်နှင့် ရမ်းဗြဲမြို့နယ်တို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ညွှန်ကြားရေးမှူးစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၆

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးထွန်းဦးသည် ဖေဖော်ဝါရီ ၁၅ရက်မှ ၂၁ရက်အထိ ရခိုင်ပြည်နယ် စစ်တွေ၊ ဘူးသီးတောင်နှင့် ရမ်းဗြဲမြို့နယ်များ၌ ဌာနလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဘူးသီးတောင်မြို့နယ်အတွင်း ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်ဖောက်လုပ်မည့် ဘူးသီးတောင်-တောင်ပဇာလမ်း၊ ရမ်းဗြဲမြို့နယ်အတွင်း ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်ဖောက်လုပ်နေသည့် ရမ်းဗြဲ-ကျောက်နီမော်လမ်း၊ ရမ်းဗြဲ-လေးတောင်လမ်းနှင့် ကျောက်ချောင်း-လေးတောင်လမ်းတို့၌ ကျောက်စုဆောင်းပြီးစီးမှု၊ လမ်းတံတားများ ခင်းကျင်းတည်ဆောက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အပိုင်းအလိုက် တာဝန်ခံအင်ဂျင်နီယာများနှင့် တွေ့ဆုံ၍ လမ်းများ ဘဏ္ဍာရေးနှစ်အမီ ပြီးစီးနိုင်ရေး၊ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဖောက်လုပ်နိုင်ရေးနှင့် ယာဉ်ယန္တရားနှင့် ပစ္စည်းများ အချိန်နှင့်တစ်ပြေးညီ လုံလောက်စွာ စုစည်း၊ စုဖွဲ့ ဆောင်ရွက်နိုင်ရေးတို့ကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ငါးသယံဇာတ ထိန်းသိမ်းရေး မြောင်းမြခရိုင်၌ ဟောပြော

မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၂၆

ဧရာဝတီတိုင်း မြောင်းမြခရိုင် ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူးကျင်းပသော ငါးသယံဇာတထိန်းသိမ်းရေးဆိုင်ရာ ပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၂၁ရက် နံနက် ၁၀နာရီက မြောင်းမြမြို့နယ် ဇန်းမော်သုံးခွ ကျေးရွာအုပ်စု ဝဲဒေါင့်ကျေးရွာ၌ ကျင်းပသည်။

လက်ခံယူ

ယင်းပညာပေး ဟောပြောပွဲတွင် မြောင်းမြခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမင်းနောင်က ငါးမျိုးပြုန်းတီးမှုကို ဖြစ်စေသည့် ဘက်ထရီရှော့ရိုက် ငါးဖမ်းဆီးခြင်း၊ ပိုက်စိမ်း(ခေါ်)ဇာပြာပိုက်များသုံး၍ ငါးဖမ်းဆီးခြင်းနှင့် ဒီရေတောများကို စည်းကမ်းမဲ့ ခုတ်ယူခြင်းများမပြုကြရန် ပညာပေးဟောပြောပြီး ရေလုပ်သားများအား ဂျပန်ငါးမွေးမြူရေး ပညာပေးလက်ကမ်း စာစောင်များ၊ ငါးသယံဇာတ ထိန်းသိမ်းရေး ပညာပေး ဗီဒီယို၊ ဗွီစီဒီမှတ်တမ်းအခွေများနှင့် မွေးမြူရေး ရေလုပ်ငန်းဆိုင်ရာ ငွေပင်လယ်ဂျာနယ် စာအုပ်များကို ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူးက အခမဲ့ ဖြန့်ဝေပေးအပ်ရာ ရေလုပ်သားများကိုယ်စား ဇန်းမော် သုံးခွကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးကျော်ဝေက လက်ခံယူသည်။

ကြီးကြပ်

အဆိုပါ ပညာပေးဟောပြောပွဲအပြီးတွင် မြောင်းမြခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမင်းနောင်နှင့်အဖွဲ့သည် ဝဲဒေါင့်ကျေးရွာဆိပ်ကမ်းမှ မြောင်းမြ ပမ္မဝတီမြစ်ပေါက် ဝဲကလေးကျေးရွာအထိ ငါးသယံဇာတထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများကို မြစ်ကြောင်း တစ်လျှောက် ကွင်းဆင်း စစ်ဆေးပြီး ကြီးကြပ်ဆောင်ရွက်ကြသည်။

(၁၄၂)

မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း အမှတ်(၆၅-ဂျီ)နေ ဆရာမ ဒေါ်မေခင် မွေးနေ့အလှူအဖြစ် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ အတွင်းရေးမှူး ဦးထွန်းအေးက လက်ခံယူစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

အင်္ဂလိပ်စာကျောင်းသားဟောင်းများ မိတ်ဆုံပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

၁၉၈၁မှ ၂၀၀၀ခုနှစ်အတွင်း ဘွဲ့ရခဲ့ကြသော အင်္ဂလိပ်စာကျောင်းသားကျောင်းသူဟောင်းများ၏ မိတ်ဆုံစားပွဲကို မတ် ၂ရက်(အင်္ဂါနေ့) ညနေ ၅နာရီတွင် White Rice Restaurant ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားကျောင်းသူဟောင်းများသည် ကိုဝင်းမောင် ဖုန်း-၀၉-၈၀၂၃၉၇၅၊ ကိုမြတ်သူဝင်း ဖုန်း- ၂၂၂၉၂၃၊ ၀၉-၅၁၀၃၇၂၅၊ ကိုအုန်းဝမ် ဖုန်း-၃၇၅၈၅၆ (လိုင်းခွဲ-၅၀၉)၊ ကိုထွန်းလင်း ဖုန်း-၀၉-၅၁၃၄၅၂၅၊ ကိုအောင်နိုင်မိုး ဖုန်း-၅၄၉၆၄၄၊ ၀၉-၅၀၂၀၄၇၈၊ ကိုအာသာ ဖုန်း- ၂၀၂၀၄၆၊ ၀၉-၅၀၄၄၂၆၇၊ ကိုဇော်ဝင်း ဖုန်း-၅၂၂၀၇၃၊ ၀၉-၅၁၂၈၈၅၉၊ မကက်သလင်းသိန်း ဖုန်း- ၀၉-၅၀၂၆၄၇၀နှင့် မအေးမွန်(ခ)Alice ဖုန်း-၀၉-၅၁၁၉၈၅၈ တို့သို့ ဆက်သွယ်တက်ရောက်ကြရန် ဖိတ်ကြားထားပြီး အခြားနှစ်များမှ အောင်မြင်ခဲ့ကြသူများလည်း ဆက်သွယ်တက်ရောက်နိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

အိမ်မဲ မြို့မဈေး ရေနုတ်မြောင်း တူးဖော်

အိမ်မဲ ဖေဖော်ဝါရီ ၂၆

အိမ်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးတွင် ဖေဖော်ဝါရီ ၁၆ရက်က အဖွဲ့ဝန်ထမ်းများဖြင့် အထူးသန့်ရှင်းရေးနှင့် ရေနုတ်မြောင်းများ တူးဖော်ရှင်းလင်းရာ ဒုတိယဦးစီးမှူး(အခွန်)နှင့် အမှုဆောင်အရာရှိ ဦးကျော်စိုးတို့ ကြီးကြပ်ဆောင်ရွက်ကြသည်။

(မြို့နယ်စည်ပင်)

အမှာစကားပြောကြား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် နည်းပညာတက္ကသိုလ်(မြစ်ကြီးနား) ခန်းမ၌ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

● *ရှေ့ဖုံးမှ*

ကြိုးပမ်းဆောင်ရွက်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်က လုပ်ငန်းများကို သတ်မှတ်ချိန်အမီပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မချမ်းဘောမြို့နယ်ရှိ ကောင်းမှုလုံ(ရွှေဆတ်မင်း)စေတီတော်သို့ရောက်ရှိကြရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမေချမ်းနှင့် ဂေါပကအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ဖူးမြော်ကြည်ညို

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကောင်းမှုလုံ(ရွှေဆတ်မင်း) စေတီတော် ဂန္ဓကုဋီတိုက်၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော ဗုဒ္ဓရုပ်ပွားဆင်းတုတော်အား ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်းတို့ဖြင့် ကပ်လှူပူဇော်၍ ဖူးမြော်ကြည်ညိုကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဖားကန့်မြို့နယ် ဘန်ကောက်ကျေးရွာအနီးရှိ ယုဇနဘက်စုံ စိုက်ပျိုးမွေးမြူရေးစီမံကိန်း၏ စိုက်ပျိုးရေးသုတေသနပြခန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆေးဝါး ပစ္စည်းများနှင့် အသုံး အဆောင် ပစ္စည်းများ ပေးအပ်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် နန်းယွန်းမြို့ရှိ ရပ်မိရပ်ဖများအား အဝတ်အထည်၊ ဆေးဝါး ပစ္စည်းများနှင့် အသုံးအဆောင် ပစ္စည်းများကို ပေးအပ်စဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ကောင်းမှုလုံ(ရွှေဆတ်မင်း)စေတီတော် ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးအတွက် အလှူငွေများကို ဂေါပကအဖွဲ့ ဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကောင်းမှုလုံ(ရွှေဆတ်မင်း)စေတီတော် ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပေးအပ်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဒေသခံပြည်သူများအား တွေ့ဆုံ၍ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးအခြေအနေများကို မေးမြန်းပြီး ရပ်မိရပ်ဖများအား အဝတ်အထည်၊ ဆေးဝါးပစ္စည်းနှင့် အသုံးအဆောင်ပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကောင်းမှုလုံသာသနာပြုဌာန ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၌ တောင်တန်းသာသနာပြုဆရာတော် ဘဒ္ဒန္တတိလောက၊ ကောင်းမှုလုံဆရာတော် ဘဒ္ဒန္တပညာစက္ကနှင့် ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ ပူတာအိုလေဆိပ်သို့ ရောက်ရှိကြပြီး လေဆိပ်ဧည့်ခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံကြသည်။

ထိုသို့တွေ့ဆုံရာ၌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ပူတာအိုဒေသသည် ယခင်က တည်ငြိမ်အေးချမ်းမှုမရှိခဲ့၍ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ခဲ့ရကြောင်း၊ ယခုအခါ ဒေသတည်ငြိမ်အေးချမ်းမှုရှိနေသဖြင့် နိုင်ငံတော်က ဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံအကျဆုံးဖြစ်သည့် လမ်းပန်းဆက်သွယ်ရေးကို ဆောင်ရွက်ပေးရင်း တစ်ချိန်တည်းမှာပင် ပညာရေး၊ ကျန်းမာရေးတို့ကိုပါ ဆောင်ရွက်ပေးခဲ့ကြောင်း။

စီမံဖောက်လုပ်ပေး

ပူတာအို- မြစ်ကြီးနား ကားလမ်းကို ရာသီမရွေး သွားလာနိုင်အောင် ဆောင်ရွက်ပေးခဲ့၍ ကုန်စည်များ လွယ်ကူစွာ သယ်ယူပို့ဆောင်နိုင်မှုကြောင့် စီးပွားရေးအထိုက်အလျောက် တိုးတက်မှုရှိလာပြီဖြစ်ကြောင်း၊ ပူတာအိုခရိုင်အတွင်းရှိ မြို့များ၊ ကျေးရွာများသို့ သွားလာနိုင်အောင် လမ်းများကိုလည်း စီမံဖောက်လုပ်ပေးလျက်ရှိကြောင်း။

ပညာရေးကဏ္ဍတွင်လည်း အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများကို တိုးချဲ့ခြင်း၊ အဆင့်မြှင့်တင်ပေးခြင်းများကို ဆောင်ရွက်ပေးသည်သာမက အခြေခံအင်ဂျင်နီယာအတတ်ပညာ သင်ကြားနိုင်ရန် အစိုးရနည်းပညာ အထက်တန်းကျောင်းနှင့် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းတို့ကိုလည်း ဖွင့်လှစ်ပေးခဲ့ကြောင်း။

ကျန်းမာရေးကဏ္ဍတွင်လည်း ပူတာအိုခရိုင်ဆေးရုံကို ခုတင်(၁၀၀)ဆံ့ ဆေးရုံအဖြစ် အဆင့်မြှင့်ပေးခဲ့ပြီး အထူးကုဆရာဝန်များကိုပါ ဖြည့်ဆည်းပေးခဲ့ကြောင်း။

ပူတာအိုဒေသသည် လမ်းပန်းဆက်သွယ်မှု လွယ်ကူကောင်းမွန်လာခြင်း၊ သဘာဝအလှရှုခင်းများ ပေါများခြင်းတို့ကြောင့် ပြည်တွင်းပြည်ပမှ ဧည့်သည်များ လာရောက်လေ့လာ အပန်းဖြေနိုင်သည့် ခရီးသွားလုပ်ငန်းများသည်လည်း ဖွံ့ဖြိုးတိုးတက်လာတော့မည် ဖြစ်ကြောင်း။

ရည်မှန်းချက်ထား

ယခုကဲ့သို့ အခြေခံလိုအပ်ချက်များ ပြည့်စုံလာသည့်အတွက် ပူတာအိုခရိုင်သည် မကြာမီ သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ **ပူတာအိုမြို့သည် မြန်မာနိုင်ငံအထက်ပိုင်း၏ မြို့တော်ဖြစ်ရမည်ဖြစ်သည်ဟု ရည်မှန်းချက်ထားပြီး ဒေသတည်ငြိမ်အေးချမ်းသာယာရေးအတွက် လုံခြုံရေးနှင့် ဖွံ့ဖြိုးရေးတို့ကို နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့ ပူးပေါင်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း မှာကြားသည်။**

စာမျက်နှာ ၆ ကော်လံ ၁သို့

ပူတာအိုမြို့သည် မြန်မာနိုင်ငံ အထက်ပိုင်း၏ မြို့တော် ဖြစ်ရမည်ဖြစ်သည်ဟု ရည်မှန်းချက်ထားပြီး ဒေသတည်ငြိမ် အေးချမ်းသာယာရေးအတွက် လုံခြုံရေး နှင့် ဖွံ့ဖြိုးရေးတို့ကို နိုင်ငံတော်အစိုးရ ပြည်သူနှင့် တပ်မတော်တို့ ပူးပေါင်း ဆောင်ရွက်။

အာချေးပြည်နယ်ရှိ စစ်သွေးကြွများအား အင်ဒိုနီးရှားရဲတပ်ဖွဲ့ တိုက်ခိုက်နှိမ်နင်း

ပင်ဒါအာဆေး ဖေဖော်ဝါရီ ၂၆

အင်ဒိုနီးရှားရဲတပ်ဖွဲ့သည် အာချေးပြည်နယ်ဝေးလံခေါင်သီဒေသတစ်ခုရှိ အစ္စလာမ္မစ် စစ်သွေးကြွများ လေ့ကျင့်ရေးစခန်းဟုယူဆရသည့်နေရာကို စီးနင်းတိုက်ခိုက်ပြီး စစ်သွေးကြွ လေးဦးအား ဖမ်းဆီးခဲ့ကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့အကြီးအကဲက ဖေဖော်ဝါရီ ၂၃ရက်တွင် ပြောကြားသည်။

တွေ့ရ

ကွန်မန်ဒိုဓားများ၊ ဗုံးဖောက်ခွဲတိုက်ခိုက်မှုနှင့်ပတ်သက်၍ ရိုက်ကူးထားသည့် ဗွီစီဒီခွေများ၊ ဘာသာရေးစစ်ပွဲနှင့် ပတ်သက်သည့် စာအုပ်စာတမ်းများ၊ စစ်ဝတ်စုံများ အပါအဝင် ရူပီးငွေသန်းပေါင်းများစွာကို အဆိုပါရဲတပ်ဖွဲ့က သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ အဆိုပါ သစ်တောဒေသတစ်ဝိုက်တွင် စစ်သွေးကြွများလေ့ကျင့်နေကြသည်ဟူသော သတင်းများ မိမိတို့ရရှိထားကြောင်း၊ မိမိတို့ ရဲတပ်ဖွဲ့သည်လည်း အတိုက်ခံကြရကြောင်း၊ စစ်သွေးကြွများသည် ရိုင်ဖယ်သေနတ်များ ကိုင်ဆောင်ထားသည်ကို တွေ့ရကြောင်းလည်း အဆိုပါအာချေးပြည်နယ် ရဲတပ်ဖွဲ့မှူးက ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ဟေလုံကျန်းပြည်နယ် မူဒန်ကျင်မြို့ရှိ သစ်တောထိန်းသိမ်းရေးစင်တာ၌ ဆီးနှင်းများ ဖုံးလွှမ်းနေသည်ကို ဖေဖော်ဝါရီ ၂၅ရက်က တွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)

အစ္စရေးနှင့်ပါလက်စတိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲပြန်စရန် အမေရိကန်နှင့် ယူအေအီးတို့တိုက်တွန်း

ဝါရှင်တန် ဖေဖော်ဝါရီ ၂၆

အမေရိကန်နှင့် အာရပ်စော်ဘွားများနိုင်ငံ(ယူအေအီး)တို့က အရှေ့အလယ်ပိုင်းဒေသတွင် အလုံးစုံငြိမ်းချမ်းရေးရရှိစေရန် တာဝန်ယူထားကြောင်း ဖေဖော်ဝါရီ ၂၃ ရက်က ထပ်မံပြောကြားပြီး အစ္စရေးနှင့် ပါလက်စတိုင်းတို့အား စောနိုင်သမျှစောစွာ ဆွေးနွေးပွဲများပြန်လည်ပြုလုပ်ကြရန်ကိုလည်း အမေရိကန်နှင့်ယူအေအီး ပူးတွဲထုတ်ပြန်သည့် ကြေညာချက်၌ ဖော်ပြသည်။

မိမိတို့က အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးရရှိစေရန်နှင့် အစ္စရေးနှင့် ပါလက်စတိုင်းတို့အနေဖြင့် ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်နိုင်မည့် နှစ်နိုင်ငံတည်ထောင်ရေး ဘုံရည်ရွယ်ချက်ပေါက်မြောက်စေရန် တာဝန်ယူထားသည်ဟု ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကုလသမဂ္ဂ သဘာဝပတ်ဝန်းကျင် အစီအစဉ် အင်ဒိုနီးရှား၌ အထူးအစည်းအဝေး စတင်ကျင်းပ

ဘာလီ ဖေဖော်ဝါရီ ၂၆

(၁၁)ကြိမ်မြောက် ကုလသမဂ္ဂ သဘာဝပတ်ဝန်းကျင် အစီအစဉ်၏ အထူးအစည်းအဝေးကို အင်ဒိုနီးရှားသမ္မတ ဆူစီလိုဘန်ဘန်း ယူဒိုယိုနိုက ဖေဖော်ဝါရီ ၂၄ရက်တွင် ဖွင့်လှစ်ပေးလိုက်ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

ပြီးခဲ့သည့် ၁၂နှစ်တာကာလအတွင်း မှာပင် ကမ္ဘာ့အပူချိန် တိုးမြင့်လာခြင်းက ပင်လယ်ရေမျက်နှာပြင်ကို မြင့်တက်စေခဲ့ကြောင်း၊ ယင်းသို့ ပင်လယ်ရေမျက်နှာပြင် တစ်မီတာအထိ မြင့်တက်လာခြင်းသည် သန်းနှင့်ချီသောလူသားများ နစ်နာဆုံးရှုံးစေနိုင်ကြောင်း ၎င်းက ပြောကြားသည်။

တက်ရောက်

အင်ဒိုနီးရှား အစိုးရအနေဖြင့် သစ်တောပြုန်းတီးမှု လျှော့ချရေးနှင့် ပြန်လည်အသုံးပြုနိုင်သော စွမ်းအင်အသုံးပြုမှု တိုးမြှင့်ရေးအပါအဝင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ထုတ်လွှတ်မှုလျှော့ချရေးဆိုင်ရာ အကူအညီပေးရေးကိစ္စရပ်နှင့် စပ်လျဉ်း၍ အဆိုပါအစည်းအဝေးကို ကျင်းပခြင်းဖြစ်သည်ဟု ဆိုသည်။ အစည်းအဝေးကို ဖေဖော်ဝါရီ ၂၆ရက်အထိ ကျင်းပရန်စီစဉ်ထားကြောင်းနှင့် နိုင်ငံပေါင်း ၁၃၀ကျော်မှ ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဂျာမနီနိုင်ငံမြောက်ပိုင်း ကီအယ်လ်ပင်လယ်ဆိပ်ကမ်းမြို့ရှိ (အိတ်ချ်ဒီဒဗလျူ) သင်္ဘောကျင်း၌ နေစွမ်းအင်သုံး မော်တော်တစ်စင်းအား ဖေဖော်ဝါရီ ၂၅ရက်က ပြသထားသည်ကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

နိုင်ဂျာမှ လူ ၈သန်းခန့် စားနပ်ရိက္ခာ အခက်အခဲ ကြုံတွေ့နေ

ဂျီနီဗာ ဖေဖော်ဝါရီ ၂၆

စားနပ်ရိက္ခာမဖူလုံမှုကြောင့် နိုင်ဂျာနိုင်ငံရှိ လူ ၈သန်းခန့်ဒုက္ခရောက်လျက်ရှိပြီး ၂ ဒသမ ၇ သန်းသည် ငတ်မွတ်ခေါင်းပါးမှုဒဏ်ကို ဆိုးရွားစွာ ခံစားနေရကြောင်း ကုလသမဂ္ဂပြောရေးဆိုခွင့်ရှိသူ မာတင်နီဆာကီက ဖေဖော်ဝါရီ ၂၃ရက်တွင် ပြောကြားကြောင်း အင်တာနက်သတင်းအရ သိရသည်။

သတိပေး

နိုင်ဂျာလူဦးရေ၏ ထက်ဝက်ကျော်အတွက် စားနပ်ရိက္ခာနှစ်လစာသာရှိတော့သည်ဟု ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (ဒဗလျူအက်ဖ်ပီ)မှ ထုတ်ပြန်သည့် အစီရင်ခံစာတွင် သတိပေးထားသည်။

ကြိုးပမ်း

ယခုနှစ်စပိုင်းမှအစပြု၍ အာဟာရချို့တဲ့သူ ၂၈၀၀၀ ခန့်ရှိနေကြောင်း၊ ဒေသဆိုင်ရာ အာဏာပိုင်များထံသို့ သတင်းပို့ထားကြောင်း အစီရင်ခံစာတွင် ပါရှိသည်။ ဒဗလျူအက်ဖ်ပီက နိုင်ဂျာနိုင်ငံရှိ ကလေးငယ်များထံသို့ အရေးပေါ်စားနပ်ရိက္ခာ အကူအညီပေးရန်အတွက် အမေရိကန်ဒေါ်လာ ၆၅၈၀၀၀ ဖြည့်ဆည်းပေးရေး ကြိုးပမ်းနေသည်ဟု ပြောရေးဆိုခွင့်ရှိသူ မာတင်နီဆာကီက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရန်ရေနံလုပ်ငန်း ရင်းနှီးမြှုပ်နှံရန်လိုအပ် အိမ်နီးချင်းတို့နှင့် ဖက်စပ်လုပ်ကိုင်ရန် ဦးစားပေး

တီဟီရန် ဖေဖော်ဝါရီ ၂၆

အီရန်နိုင်ငံအနေဖြင့် နှစ် ၂၀ ရည်မှန်းချက်များ ပြည့်မီရေးအတွက် ယင်း၏ရေနံလုပ်ငန်းတွင် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၂၄ ဘီလီယံမှ ၃၀ ဘီလီယံအထိ ရင်းနှီးမြှုပ်နှံသွားရန် လိုအပ်ကြောင်း အီရန်အမျိုးသားရေနံကုမ္ပဏီ (အင်န်အိုင်အိုစီ) အကြီးအကဲက ပြောကြားသည်။

ပြသ

အီရန်နိုင်ငံသည် ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ယင်း၏ အိမ်နီးချင်းနိုင်ငံများနှင့် ဖက်စပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဥပမာပြရလျှင် အီရန်နှင့်ကာတာတို့ အစုစပ်လုပ်ကိုင်နေသော ဆောက်သ်ပါး သဘာဝဓာတ်ငွေ့ တွင်းကို ပြသရမည်ဖြစ်ကြောင်း အဆိုပါ အင်န်အိုင်အိုစီအကြီး အကဲက သတင်းထောက်များအား ဖေဖော်ဝါရီ ၂၂ ရက်တွင် ပြောကြားသည်။

ပြုလုပ်

အီရန်နိုင်ငံသည် အိုမန်၊ ယူအေအီး၊ ကူဝိတ်နှင့် ဆော်ဒီအာရေဗျတို့ကဲ့သို့သော အိမ်နီးချင်းနိုင်ငံများနှင့် ဖက်စပ်ရေနံတူးဖော်ရေးလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိကြောင်း ဆက်လက် ပြောကြားသည်။

(အင်တာနက်)

အာဖဂန်၌ စက်ဘီးဗုံးဖောက်ခွဲတိုက်ခိုက်မှု အရပ်သားခုနစ်ဦးသေဆုံး၊ ၁၄ဦးဒဏ်ရာရ

ကဘူးလ် ဖေဖော်ဝါရီ ၂၆

အာဖဂန်နစ္စတန်နိုင်ငံရှိ တာလီဘန်စစ်သွေးကြွတို့ ကျက်စားရာ ဟယ်လ်မန့်ပြည်နယ် မြို့တော်လက်ရှ်ကာဂါးတွင် ဖေဖော်ဝါရီ ၂၃ရက် နံနက်က စက်ဘီးဗုံး ပေါက်ကွဲသဖြင့် အရပ်သားခုနစ်ဦးသေဆုံးပြီး ၁၄ဦးဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပြောကြား

အဆိုပါဗုံးကို စက်ဘီးတစ်စီးပေါ်တွင် တပ်ဆင်ထားပြီး အဝေးထိန်းကိရိယာဖြင့် ဖောက်ခွဲလိုက်ခြင်းဖြစ်ကြောင်း၊ အပြစ်မဲ့ပြည်သူခုနစ်ဦးသေဆုံးပြီး ၁၄ဦး ဒဏ်ရာရရှိသွားကြောင်း အဆိုပါ ပြည်နယ်ရဲတပ်ဖွဲ့ အကြီးအကဲက ပြောကြားသည်။

ပြောဆိုခြင်းမရှိ

ယင်းစက်ဘီးဗုံးဖောက်ခွဲတိုက်ခိုက်မှုသည် တာလီဘန် အကြမ်းဖက်သမားများ လက်ချက်ဖြစ်ကြောင်း၊ သို့ရာတွင် ယင်းတာလီဘန် စစ်သွေးကြွများက ယခုအချိန်အထိ ထုတ်ဖော်ပြောဆိုခြင်းမရှိသေးကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့ရှိ အကြီးဆုံးသော ကုန်တိုက်အဆောက်အအုံ၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဖေဖော်ဝါရီ ၂၆ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

မိုဆူးလ်မြို့၌ အကြမ်းဖက်တိုက်ခိုက် ရဲတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး

မိုဆူးလ် ဖေဖော်ဝါရီ ၂၆

အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့၌ ဖေဖော်ဝါရီ ၂၃ရက်က ဖြစ်ပွားသော အကြမ်းဖက်တိုက်ခိုက်မှုကြောင့် အီရတ်ရဲတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးကြောင်း အဆွတ်အယ်လ်-အီရတ်သတင်းဌာနက ထုတ်ပြန်ကြေညာသည်။

ယင်းဖြစ်ပွားမှုသည် မိုဆူးလ်မြို့အနောက်ပိုင်းရှိ လုံခြုံရေးစစ်ဆေးရေးဂိတ်၌ သေနတ်သမား၏ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြသည်။

ဖြစ်ပေါ်

သေနတ်သမားများသည် ပစ်ခတ်ပြီးနောက် စီးနင်းလာသည့် မော်တော်ယာဉ်ဖြင့် ထွက်ပြေးလွတ်မြောက်သွားသည်။ မိုဆူးလ်မြို့တွင် ဆွန်နီအာရပ်၊ ကာ့ဒ်နှင့် ခရစ်ယာန်လူမျိုးစုများ နေထိုင်လျက်ရှိပြီး ပစ်ခတ်မှုများနှင့် ဗုံးပေါက်ကွဲမှုများ အဆက်မပြတ်ဖြစ်ပေါ်တတ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

နယူးဇီလန်၌ တောမီးလောင် ရဟတ်ယာဉ်များဖြင့် ငြိမ်းသတ်နေရဆဲ

ဝယ်လင်တန် ဖေဖော်ဝါရီ ၂၆

နယူးဇီလန်နိုင်ငံ အနောက်မြောက်ပိုင်း ဆောက်သ်ကျွန်းစုတောင်ပိုင်း ဒူနီဒင်မြို့ သစ်တောဒေသတွင် တောမီးကြီးလောင်ကျွမ်းသဖြင့် ဆိုးရွားသည့် အခြေအနေမျိုးဆိုက်သွားရကြောင်း၊ မြေဟက်တာ ၄၀၀ကျော်ကို မီးဟပ်သွားကြောင်း ယင်းမြို့ရှိ အရာရှိများက ပြောကြားသည်။

ကူးစက်လောင်ကျွမ်း

ယင်းတောမီးသည် ဝင်နီတာသစ်တောထွက်ပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်းပိုင် အာလင်ဖောရပ်စ်တောင်တန်းရှိ သစ်ထုတ်လုပ်ရေးဒေသ၌ ဖေဖော်ဝါရီ ၂၃ ရက် မွန်းလွဲပိုင်းက စတင်လောင်ကျွမ်းရာမှ သစ်တောစိုက်ခင်းကို ကူးစက်လောင်ကျွမ်းသွားခြင်းဖြစ်ကြောင်း ပြောကြားသည်။

ငြိမ်းသတ်

ယခုလောလောဆယ်တွင် မီးသတ်တပ်ဖွဲ့ဝင်များ လုပ်ငန်းမဆောင်ရွက်နိုင်သေးဘဲ ရဟတ်ယာဉ်များကိုသာ အားထားအသုံးပြု ငြိမ်းသတ်နေရဆဲဖြစ်ကြောင်း ဒူနီဒင်မြို့ ကောင်စီကျေးလက်မီးငြိမ်းသတ်ရေးအရာရှိတစ်ဦးကပြောကြားသည်။ ယခုအခါ ရဟတ်ယာဉ် ၁၀ စင်းဖြင့် ငြိမ်းသတ်နေရဆဲဖြစ်ကြောင်းသိရသည်။ ***အမ်အင်န်အေ၊ဆင်ဟွာ***

ဂျပန်နိုင်ငံ ပို့ကုန်ပမာဏ ဇန်နဝါရီလ၌ တိုးမြင့်

တိုကျို ဖေဖော်ဝါရီ ၂၆

ဂျပန်နိုင်ငံ၏ ပို့ကုန်တန်ဖိုးသည် ယခုနှစ် ဇန်နဝါရီလတွင် ယခင်နှစ် ဇန်နဝါရီလကထက် ၄၀ဒသမ၉ရာခိုင်နှုန်း တိုးတက်လာခဲ့သည်ဟု ဂျပန်ဘဏ္ဍာရေးဝန်ကြီး ဌာနက ဖေဖော်ဝါရီ ၂၄ရက်တွင် ထုတ်ပြန်သော စာရင်းဇယားများ၌ ဖော်ပြပါရှိသည်။

ဂျပန်နိုင်ငံ၏ စုစုပေါင်းပို့ကုန်တန်ဖိုးပမာဏသည် ဇန်နဝါရီလတွင် အမေရိကန်ဒေါ်လာ ၅၄ဒသမ ၃ဘီလီယံ ရှိသည်ဟုလည်း ဖော်ပြထားသည်။

တင်ပို့

ယင်းဝင်ငွေသည် အာရှတိုက်သို့တင်ပို့ရာမှရရှိသော ဝင်ငွေဖြစ်ကြောင်း၊အာရှတိုက်သည် ဂျပန်နိုင်ငံပို့ကုန်အားလုံး၏ ၅၀ရာခိုင်နှုန်းကျော် တင်ပို့သည့်ဒေသလည်းဖြစ်ကြောင်း သိရသည်။

တိုးတက်

၂၀၀၈ခုနှစ် အောက်တိုဘာလကတည်းက ဂျပန်နိုင်ငံ၏ သွင်းကုန်ပမာဏသည်လည်း တိုးတက်လာခဲ့ကြောင်း ဂျပန်သွင်းကုန်တန်ဖိုးစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၅၄ဘီလီယံရှိကြောင်း အဆိုပါစာရင်းဇယားများအရ သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည်-စုစည်းသည်

တရုတ်ပြည်အနောက်မြောက်ပိုင်း၌ နှင်းခဲများပြိုကျ၊ ခုနစ်ဦးသေဆုံး

တရုတ်ပြည်အနောက်မြောက်ပိုင်း စင်ကျန်းအူးဂါး ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသတွင် နှင်းများပြိုကျလျက်ရှိရာ ပိတ်မိနေသူ ရာပေါင်းများစွာကို စစ်ဘက် ရဟတ်ယာဉ်များက ကယ်ဆယ်နေစဉ် ဖေဖော်ဝါရီ ၂၅ရက်က သေဆုံးသူ ခုနစ်ဦး ရှိသွားပြီဖြစ်ကြောင်း ထုတ်ပြန်ကြေညာသည်။ (အောက်ပုံ)

မလေးရှားလေကြောင်း ၂၀၀၉ခုနှစ်တွင် အမြတ်ပေါ်

မလေးရှားနိုင်ငံ အဲယားအေးရှားလေကြောင်းလိုင်းက ၂၀၀၉ခုနှစ်တွင် ယခင်နှစ်ကထက် ခရီးသည် ၂၂ဒသမ ၇သန်းအထိ ၂၄ ရာခိုင်နှုန်း တိုးတက်ပို့ဆောင်ပေးနိုင်သည့်အတွက် ၂၀၀၈ခုနှစ်တွင် အရှုံးပေါ်ခဲ့ရာမှ ၂၀၀၉ခုနှစ်တွင် အမြတ်ငွေ အမေရိကန်ဒေါ်လာ ၁၈၈သန်းခန့် ရရှိကြောင်း ဖေဖော်ဝါရီ ၂၅ရက်က ကြေညာသည်။

ပီရူး၌ လေယာဉ်ပျက်ကျ၍ ခုနစ်ဦးသေဆုံး

ပီရူးနိုင်ငံ၌ ဖေဖော်ဝါရီ ၂၅ရက်က ပျက်ကျသည့်လေယာဉ်ပေါ်တွင် လိုက်ပါလာကြသည့် ချီလီခရီးသည် သုံးဦး၊ ပီရူးနိုင်ငံသား သုံးဦးနှင့် လေယာဉ်မှူးအပါအဝင် ခုနစ်ဦး သေဆုံးသွားကြောင်း ရဲတပ်ဖွဲ့က ကြေညာသည်။

ယခုနှစ် ရေနံတစ်စည်ပေါက်ဈေး ဒေါ်လာ၇၀ရှိမည်ခန့်မှန်း

၂၀၁၀ခုနှစ်အတွင်း ရေနံတစ်စည် ပျမ်းမျှဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၇၀ ဖြစ်မည်ဟု ရုရှားဘဏ္ဍာရေးဝန်ကြီး အလက်ဇီကူဒရင်က ဖေဖော်ဝါရီ ၂၅ရက်တွင် ခန့်မှန်းပြောကြားလိုက်သည်။

အီဂျစ်၌ မုန်တိုင်းကြောင့် ယာဉ်တိုက်မှုများဖြစ်ပွား

အီဂျစ်နိုင်ငံ ပြည်နယ် သုံးလေးခုတွင် မိုးကြီးမုန်တိုင်းကျရောက်သဖြင့် ယာဉ်တိုက်မှုများ ဖေဖော်ဝါရီ ၂၅ရက်က ဖြစ်ပွားရာ ခုနစ်ဦးသေဆုံးပြီး ၂၆ဦး ဒဏ်ရာရရှိသွားသည်ဟု ဆင်ဟွာသတင်း၌ ဖော်ပြပါရှိသည်။

အီတလီဝန်ကြီးချုပ် ဘရာဇီးသို့သွားရောက်မည်

ဘရာဇီးသမ္မတ လူလာဒါဆီးလ်ဗားသည် မတ် ၉ ရက်တွင် ဘရာဇီးနိုင်ငံသို့ လာရောက်မည့် ဧည့်သည်တော် အီတလီဝန်ကြီးချုပ် ဘလူကိုနီအား လက်ခံတွေ့ဆုံ ဆွေးနွေးမည်ဖြစ်ကြောင်း ဘရာဇီးနိုင်ငံခြားရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၂၅ ရက်က ထုတ်ပြန်ကြေညာသည်။ အီတလီနိုင်ငံသား ဆီဇာဘက်တီစာတီအား လွှဲပြောင်းပေးအပ်ရန် ဘရာဇီးအား တောင်းဆိုထားသည့် ပြဿနာရှိသည်။

ဘင်္ဂလားဒေ့ရှ်အထည်စက်ရုံမီးလောင်မှု ၂၁ ဦးထက်မနည်းသေဆုံး

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တော်မြောက်ဘက် ၃၇ ကီလိုမီတာအကွာ ဂါဇီပူရ်ခရိုင်ရှိ အထည်စက်ရုံတစ်ရုံ၌ ဖေဖော်ဝါရီ ၂၅ ရက်ညက မီးလောင်သဖြင့် ၂၁ဦး ထက်မနည်း သေဆုံးပြီး ၅၀ ကျော် ဒဏ်ရာရရှိကြောင်း ယူအင်န်ဘီသတင်းဌာနက ကြေညာသည်။ သေဆုံးသူအများစုမှာ အမျိုးသမီးအလုပ်သမားများဖြစ်သည်။

ဘရာဇီးက ဟေတီကို ကူညီရေးစာချုပ်များ လက်မှတ်ရေးထိုး

ဟေတီနိုင်ငံ၌ ရေကောင်းရေသန့်ရရှိရေး၊ မိုးရေသိုလှောင်မည့် ရေတိုင်ကီ အလုံး ၁၀၀ တည်ဆောက်ရေးအပါအဝင် ဘရာဇီးနိုင်ငံက ကူညီထောက်ပံ့မည့် နှစ်နိုင်ငံ သဘောတူစာချုပ်များကို ဟေတီနိုင်ငံရောက် ဘရာဇီးသမ္မတ လူလာဒါဆီးလ်ဗားနှင့် ဟေတီသမ္မတရီနီပရီဗာတို့ ဖေဖော်ဝါရီ ၂၅ရက်က လက်မှတ်ရေးထိုးကြသည်ဟု ဆင်ဟွာသတင်း၌ ဖော်ပြသည်။

ဖိလစ်ပိုင် သတ္တုတူးသမား နှစ်ဦးသေ၊ နှစ်ဦးပျောက်ဆုံး

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ကိုတာဘာတိုပြည်နယ်ရှိ ကျေးရွာတစ်ရွာတွင် သတ္တုတူးသမားနှစ်ဦးမှာ လိုဏ်ခေါင်းအတွင်း ပိတ်မိ၍မွန်းကျပ်သေဆုံးပြီး အခြားနှစ်ဦးပျောက်ဆုံးနေကြောင်း တာဝန်ရှိသူများက ဖေဖော်ဝါရီ ၂၆ရက်တွင် ထုတ်ပြန်ကြေညာသည်။

ဂျပန်ကမ္ဘာလှည့်ခရီးသည် တည်းခိုခန်း၌ သေဆုံးနေ

အိန္ဒိယနိုင်ငံမြောက်ပိုင်း ကမ္ဘာလှည့်ခရီးသည်များ စည်ကားသည့် ဗာရာဏသီမြို့ရှိ တည်းခိုခန်းတစ်ခန်း၌ ဂျပန်နိုင်ငံသား ကမ္ဘာလှည့်ခရီးသည်တစ်ဦး ဖေဖော်ဝါရီ ၂၅ရက် နံနက်ပိုင်းက သေဆုံးနေကြောင်းတွေ့ရသည်ဟု အင်ဒိုအေးရှားသတင်းဌာနက ဖေဖော် ဝါရီ ၂၆ရက်တွင် ကြေညာသည်။ ။ **(အင်တာနက်)**

လူငယ်များ စိတ်ဝင်စားကြသည့် ဆော့ဖ်ဝဲလ်ပြပွဲ

သတင်းမြင်ကွင်း-မောင်မောင်မြင့်ဆွေ ➤ ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း) ➤ စာမျက်နှာဖွဲ့စည်းမှု-မိုးမိုးအောင်(မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၂၆

မြန်မာအင်ဖိုတက်ခ်အဆောက်အအုံ။ ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာအင်ဖိုတက်ခ်အဆောက်အအုံတွင်း၌ လူငယ်များနှင့် စည်ကားနေသည်။ မြန်မာအင်ဖိုတက်ခ်အဆောက်အအုံတွင် "Software & Solutions Exhibition 2010"ပြပွဲကို ဖေဖော်ဝါရီ ၂၆ရက်မှ ၂၈ရက်အထိ နံနက် ၉နာရီမှ စတင်ကာ ဖွင့်လှစ်ပြသနေပေပြီ။

မြန်မာ့အလင်းသတင်းအဖွဲ့ မြန်မာအင်ဖိုတက်ခ်အဆောက်အအုံ ပင်မဆောင်အတွင်း ကွန်ဖရင့်ခန်းမသို့ ရောက်ရှိချိန်တွင် ဆွေးနွေးပွဲကျင်းပနေသည်။ အိုင်တီပညာရှင်များက သူတို့၏ Software Solution များအားအသုံးပြုပုံ၊ စွမ်းဆောင်နိုင်မှု အခြေအနေများကို တက်ရောက်လာသူများအား ရှင်းပြဆွေးနွေးနေမှုမှာ စိတ်ဝင်စားစရာကောင်းသည်။

အထူးနှုန်းဖြင့် သင်ကြားနိုင်

ဆွေးနွေးပွဲ၌ အတန်ကြာ ဝင်ရောက်လေ့လာပြီးနောက် ပြခန်းများ ခင်းကျင်းပြသရာသို့ သတင်းအဖွဲ့ သွားရောက်လေ့လာခဲ့သည်။ ပြပွဲ၌ ခင်းကျင်းပြသထားသော

"အွန်လိုင်းဘဏ် စနစ်တွေကို ပြသထားပါတယ်"
ဒေါ်နီနီထွန်း
ဒါရိုက်တာ
MIT

ပြခန်းများမှာ ကျယ်ဝန်းသဖြင့် လာရောက်လေ့လာသူများ စိတ်တိုင်းကျ လေ့လာနေကြသည်ကို တွေ့ရသည်။ ပြခန်းများအနက် MPEC ပြခန်းကို ဝင်ရောက်လေ့လာရာ "ကျွန်မတို့ ပြခန်းမှာတော့ အိုင်တီ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ၊ မလေးရှားနိုင်ငံ Cambridge ICT မှ ပေးအပ်တဲ့ အိုင်စီတီ ဒီပလိုမာသင်တန်းများ၊ အရည်အချင်းပြည့်ဝတဲ့ ဆော့ဖ်ဝဲလ် အင်ဂျင်နီယာများ ပေါ်ထွက်စေရေးအတွက် ဖွင့်လှစ်ထားတဲ့ ဒီပလိုမာ သင်တန်းတွေကို သင်ယူနိုင်တဲ့ အခွင့်အလမ်းတွေကို ပြပွဲလာသူတွေအတွက် မိတ်ဆက် ပြသပေးထားပါတယ်"ဟု MPEC ပြခန်းမှ MPEC သင်တန်းမန်နေဂျာ ဒေါ်နန်းသင်းဆွေက သတင်းအဖွဲ့သို့ ရှင်းပြသည်။ မကြာမီ စာမေးပွဲဖြေဆိုကြမည့် အခြေခံပညာ အထက်တန်း ကျောင်းသား ကျောင်းသူများအား လာမည့်ဇွန်လ၌ဖွင့်လှစ်မည့် ဒီပလိုမာ သင်တန်းသို့ အထူးသက်သာသည့်နှုန်းဖြင့် သင်ကြားနိုင်ရန် ကျောင်းသားကတ်ဖြင့် ကြိုတင်စာရင်းပေးနိုင်ကြောင်း သိရသည်။

"ဒီပလိုမာ သင်တန်းတွေမှာ သင်ယူနိုင်တဲ့ အခွင့်အလမ်းတွေကို ပြပွဲလာသူတွေအတွက် မိတ်ဆက်ပြသ ပေးထားပါတယ်"
ဒေါ်နန်းသင်းဆွေ
မန်နေဂျာ
MPEC

ဘဏ်လုပ်ငန်းသုံး ကွန်ပျူတာစနစ်

ထို့နောက် အခြားပြခန်းများသို့ ဆက်လက်လေ့လာခဲ့ရာမှ MIT ပြခန်းသို့ ဝင်ရောက်ပြီး ခင်းကျင်းပြသမှုများကို မေးမြန်းခဲ့ရာ "ဒီပြခန်းမှာတော့ ဆော့ဖ်ဝဲလ်တွေအနေနဲ့ ကွန်ပျူတာသုံး စာရင်းကိုင်စနစ်၊ ဘဏ်လုပ်ငန်းသုံး ကွန်ပျူတာစနစ်၊ ကွန်ပျူတာသုံး အရောင်းစနစ်၊ ဝန်ထမ်းရေးရာ စီမံခန့်ခွဲမှုစနစ်၊ လက်ဖွေသုံး ရုံးတက် ရုံးဆင်းစနစ်၊ ဝန်ထမ်းလစာပေးစနစ်၊ ဆေးရုံဆေးခန်းကြီးများ စီမံခန့်ခွဲမှုစနစ်နဲ့ ဆေးမှတ်တမ်းထိန်းစနစ်၊ ဟိုတယ်များအတွက် စီမံခန့်ခွဲမှုစနစ်၊ ကုမ္ပဏီနဲ့ စက်ရုံများမှာသုံးတဲ့ လုံခြုံရေးကင်းလှည့် ထိန်းချုပ်ရေးစနစ်အပြင် အထူးခြားဆုံး အနေနဲ့ အွန်လိုင်းဘဏ်စနစ်တွေကို ပြသထားပါတယ်"ဟု MIT မှ ဒါရိုက်တာ ဒေါ်နီနီထွန်းက သတင်းအဖွဲ့သို့ ရှင်းပြသည်။

ဆော့ဖ်ဝဲလ်သုံး အိုင်တီနည်းပညာ

MIT ပြခန်းအတွင်း ဆော့ဖ်ဝဲလ်သုံး အိုင်တီနည်းပညာစနစ်များ ပြသထားမှုကို လေ့လာရာ လုပ်ငန်းများ အချိန်တိုအတွင်း အောင်မြင်ထိရောက်စွာ ဆောင်ရွက်နိုင်သော ဆော့ဖ်ဝဲလ်များ၏ အသုံးဝင်ပုံကို သတိပြုမိသည်။

ကြည့်ရှုလေ့လာ

ဆက်လက်၍ ပြခန်းများကို လေ့လာခဲ့ရာ ပြခန်းတိုင်း ဆော့ဖ်ဝဲလ်များ၊ အိုင်တီ နည်းပညာများ အသုံးပြုနိုင်မှုများကို ပြသထားရာ လူငယ်များနှင့် ပြပွဲလာသူများ စိတ်ဝင်စားစွာ လေ့လာကြည့်ရှုနေကြသည်ကို တွေ့ရသည်။ လူငယ်များ စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာနေသော ပြခန်းကို ဝင်ရောက်လေ့လာခဲ့ရာ MCC ပြခန်း ဖြစ်နေသည်။

ပြခန်းနှင့်ပတ်သက်ပြီး အမှုဆောင် အရာရှိချုပ် ဒေါ်ချောခင်ခင်က "ဒီပြခန်းမှာတော့ အိုင်တီနည်းပညာအသုံးပြုပြီး တန်ဖိုးအသစ်များ ဖန်တီးပေးနိုင်ဖို့နဲ့ လုပ်ငန်းများ ပြိုင်ဆိုင်မှုစွမ်းရည် မြင့်မားလာစေရေး ဖော်ဆောင်နိုင်ဖို့၊ အိုင်စီတီကို အောင်မြင်စွာ အသုံးချနိုင်အောင် အရေးကြီးတဲ့ လိုအပ်ချက်တွေ၊ e-Government Series နဲ့ SME Computerisation Series တွေကို ပြသထားပါတယ်။ ပြပွဲကာလအတွင်းမှာ ကွန်ပျူတာစနစ်များ အသုံးပြုနိုင်ရေး ဆွေးနွေးအကြံပြုမှုတွေကို အမ်စီစီမှ လာရောက်ပြီး တစ်လအတွင်း အခမဲ့ဝန်ဆောင်မှုပေးသွားမှာ ဖြစ်ပါတယ်" ဟု သတင်းအဖွဲ့သို့ ရှင်းပြသည်။

"အိုင်စီတီ အောင်မြင်စွာ အသုံးချနိုင်အောင် အရေးကြီးတဲ့ လိုအပ်ချက်တွေကို ပြသထားပါတယ်"
ဒေါ်ချောခင်ခင်
အမှုဆောင်အရာရှိချုပ်
MCC

အကျိုးကျေးဇူးများ

ထို့နောက် ပြပွဲအတွင်း ပြခန်းများကို လာရောက်လေ့လာနေသော အမျိုးသမီးငယ်တစ်ဦးကို တွေ့ဆုံမေးမြန်းရာ "သမီး နာမည်က မတင်ဆုလတ် ဖြစ်ပါတယ်။ ဆော့ဖ်ဝဲလ်နဲ့ ပတ်သက်ပြီး သင်တန်းတက်နေသူတစ်ဦးပါ။ အခုပြပွဲကို လာရောက်လေ့လာရတဲ့အတွက် သမီးတို့ မလေ့လာရသေးတဲ့ ဆော့ဖ်ဝဲလ်တွေအကြောင်း၊ အသုံးချနိုင်မှုအကြောင်းတွေသိရတယ်။ သမီးတို့အတွက် အကျိုးကျေးဇူးများတဲ့ ပြပွဲဖြစ်ပါတယ်"ဟု သတင်းအဖွဲ့သို့ ပြောပြသည်။

"ဆော့ဖ်ဝဲလ်တွေအကြောင်း အသုံးချနိုင်မှုအကြောင်းတွေ သိရတယ်"
မတင်ဆုလတ်၊ ဆော့ဖ်ဝဲလ်သင်တန်းသူ။

လူငယ်များစိတ်ဝင်စားမှုများ

ပြပွဲသို့ လူငယ်များ လာရောက်လေ့လာကြလျက်ရှိရာ အိုင်တီနည်းပညာအပေါ် လူငယ်များစိတ်ဝင်စားမှု များပြားလျက်ရှိကြောင်း သတိပြုမိသည်။ ထို့နောက် ပြခန်းတစ်ခန်းမှ ကြည့်ရှုလေ့လာပြီး ပြန်ထွက်လာသည့် လူငယ်တစ်ဦးကို မေးမြန်းရာ "ကျွန်တော့် နာမည်က မောင်လင်းသိန်းနိုင် ဖြစ်ပါတယ်။ ဒဂုံတက္ကသိုလ် အင်္ဂလိပ်စာအဓိက နောက်ဆုံးနှစ် ကျောင်းသားပါ။ ကျွန်တော်တို့လူငယ်တွေအနေနဲ့ အိုင်တီနည်းပညာနဲ့ ကင်းကွာလို့မရသလို မသိလို့၊ မတတ်လို့ မရတဲ့ အခြေအနေဖြစ်ပါတယ်။ ဒါကြောင့် ဒီပြပွဲကို လာရောက်လေ့လာတာပါ။ ဒီလိုပြပွဲမျိုးတွေ များများကျင်းပလေ လူငယ်တွေအတွက် အကျိုးရှိလေပါပဲ"ဟု ပြောပြသည်။

ဖြည့်ဆည်းပေးနေ

ပြခန်းများကို ကြည့်ရှုလေ့လာခဲ့ပြီး ပြပွဲအတွင်းမှ ပြန်လည်ထွက်ခွာခဲ့သည်။ အိုင်တီနည်းပညာများ နေ့စဉ်တိုးတက်နေသော ယနေ့ခေတ်တွင် "Software & Solutions Exhibition 2010" ပြပွဲကလည်း လူငယ်များ၊ စီးပွားရေးလုပ်ငန်းများအတွက် ထိရောက်သော အကျိုးကျေးဇူးကို ဖြည့်ဆည်းပေးနေပါကြောင်း ကွင်းဆင်းလေ့လာ စွေ့ငုတင်ပြလိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

အိုင်စီတီနည်းပညာပြပွဲ၌ လူငယ်များစိတ်ဝင်တစား ဤသို့ ကြည့်ရှုလေ့လာကြသည်။ (မြန်မာ့အလင်း)

စာမျက်နှာ ၃ မှ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ပုတာအိုလေဆိပ်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာလာခဲ့ကြရာ နံနက် ၁၁နာရီတွင် မြစ်ကြီးနားမြို့ နန့်ပေါင်လေဆိပ်သို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား နယ်မြေခံတပ်မှ ဗိုလ်မှူးချုပ်ဦးကျော်၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် နည်းပညာတက္ကသိုလ်(မြစ်ကြီးနား)သို့ ရောက်ရှိကြရာ နည်းပညာတက္ကသိုလ် ကျောင်းအုပ်ကြီး ဒေါက်တာချိုမင်းဟန်၊ ကွန်ပျူတာတက္ကသိုလ် ကျောင်းအုပ်ကြီး ဒေါက်တာအေးအေးမြင့်နှင့် ဆရာ ဆရာမများက ကြိုဆိုကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် Computer Room နှင့် Language Lab တို့တွင် သင်ထောက်ကူပစ္စည်းများဖြင့် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တက္ကသိုလ်ခန်းမ၌ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက နိုင်ငံတော်က နည်းပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်ရေးအတွက် စီမံဆောင်ရွက်ပေးမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာ၌ နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတည်ဆောက်ရာတွင် အသိပညာရှင်၊ အတတ်ပညာရှင်၊ နည်းပညာရှင်များသည် အဓိကကျသည့် အခန်းကဏ္ဍက ပါဝင်ကြောင်း။

အဆိုပါ လူ့စွမ်းအားအရင်းအမြစ်များကို ဒေသအတွင်း၌ မွေးထုတ်နိုင်ရန် ဖွံ့ဖြိုးရေးဒေသကြီး(၂၄)ခုတွင် ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ် တစ်ခုစီတို့ကို ဖွင့်လှစ်ပေးခဲ့ကြောင်း။

ဆရာ ဆရာမများက မိမိတို့တပည့်များအား ထူးချွန်ထက်မြက်သော လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်စေရန် အမှန်တကယ်တတ်အောင် သင်ကြားပေးရန်လိုကြောင်း။

ကြိုးစားအားထုတ်

နိုင်ငံတော်က မျှော်မှန်းချက်ကြီးစွာဖြင့် လူ့စွမ်းအားအရင်းအမြစ်များအား မွေးထုတ်ပေးနိုင်ရေးကို စီမံဆောင်ရွက်ပေးထားပြီးဖြစ်၍ ကျောင်းသားကျောင်းသူများ အနေဖြင့် ကြိုးစားအားထုတ်ပြီး နိုင်ငံတော်အပေါ် သစ္စာစောင့်သိရမည်ဖြစ်ကြောင်း။

မိမိနိုင်ငံ၏ အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေး(၃)ပါးကို အစဉ်ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်ကြောင်း။

မိမိတို့၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတည်ဆောက်နိုင်ရေးအတွက် ကြိုးစားကြရမည်ဖြစ်ကြောင်း။

ဆရာ ဆရာမများသည် မိမိသင်ကြားရသည့် ဘာသာရပ်အလိုက် ကျွမ်းကျင်ရန်နှင့် ဖြစ်ပေါ်တိုးတက်နေသော နည်းပညာရပ်ဆိုင်ရာများကိုလည်း အစဉ်အမြဲလေ့လာနေရန် လိုအပ်ကြောင်း။

လေ့ကျင့်သင်ကြား

တပည့်များအား ပညာရပ်ဆိုင်ရာများ တတ်ကျွမ်းသည်သာမက စည်းကမ်းကောင်းသူ၊ ကိုယ်ကျင့်တရား ကောင်းသူ၊ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရင့်သန်အောင် လေ့ကျင့်သင်ကြားပေးရန်ဖြစ်ကြောင်း။

မိမိတို့သည် မြန်မာနိုင်ငံသားများဖြစ်၍ မြန်မာနိုင်ငံအပေါ် ကျေးဇူးသစ္စာ စောင့်သိရမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား နည်းပညာတက္ကသိုလ်(မြစ်ကြီးနား) ဒုတိယနှစ် EC မှ မောင်အင်ခေါ်ဘရန်ဒူးက အင်္ဂလိပ်ဘာသာဖြင့် နှုတ်ခွန်းဆက်စကားပြောကြားပြီး တက်ရောက်သင်ကြားနေသော ဘာသာရပ်ဆိုင်ရာများအကြောင်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ နန့်ပေါင်လေဆိပ်မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာပြီး ဖားကန့်မြို့နယ် ဘန်ကောက်ကျေးရွာအနီး ယုဇနကုမ္ပဏီလီမိတက်က တာဝန်ယူ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ယုဇနဘက်စုံစိုက်ပျိုးမွေးမြူရေးစီမံကိန်းသို့ ရောက်ရှိကြသည်။

ပြသထား

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ယုဇနဘက်စုံစိုက်ပျိုးမွေးမြူရေး စီမံကိန်းအတွင်းရှိ တည်ဆောက်ဆဲ ဒိုလိုမိုစက်ရုံ၊ ဓာတ်မြေဩဇာစက်ရုံ၊ မျိုးစေ့ထုတ်လုပ်သည့်စက်ရုံ၊ ပီလောပီနံစိုက်ခင်းများ၊ ထွန်စက်နှင့် ရိတ်သိမ်းစက်များကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးရေးသုတေသနပြခန်းတွင် ပြသထားသည့် ပီလောပီနံ၊ စပါးနှင့် သီးနှံများ စိုက်ပျိုးမှုမှတ်တမ်းဓာတ်ပုံများနှင့် သီးနှံနမူနာများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ယုဇနဘက်စုံစိုက်ပျိုးမွေးမြူရေးစီမံကိန်းမှ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ မွန်းလွဲ ၂ နာရီ မိနစ် ၅၀တွင် တနိုင်းမြို့သို့ ရောက်ရှိကြပြီး နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးထင်မော်ထွန်း၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ညနေ ၃ နာရီ ၁၅မိနစ်တွင် ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ စစ်ကိုင်းတိုင်း ခန္တီးခရိုင် နန်းယွန်းမြို့သို့ ရောက်ရှိကြသည်။

နှုတ်ဆက်အားပေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် နန်းယွန်းမြို့ခန်းမ၌ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားပြီး နိုင်ငံတော်ဝန်ကြီးချုပ်က ရပ်မိရပ်ဖများအား အဝတ်အထည်၊ ဆေးဝါးပစ္စည်းများနှင့် အသုံးအဆောင်များကိုလည်းကောင်း၊ နန်းယွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌထံ ရုပ်မြင်သံကြားစက်နှင့် ဝန်ထမ်းထောက်ပံ့ ဆန်အိတ်များကိုလည်းကောင်း ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တို့က အဝတ်အထည်၊ စားသောက်ပစ္စည်းများ၊ ဝတ်စုံများနှင့် အားကစားပစ္စည်းများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြ၍ နန်းယွန်းမြို့မှ ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ကြပြီး တနိုင်းမြို့သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

ကောင်းမှုလုံစေတီ

မချမ်းဘောမြို့နယ်ရှိ ကောင်းမှုလုံ(ရွှေဆတ်မင်း) စေတီတော်ကို ဖူးတွေ့ရစဉ်။

(သတင်းစဉ်)

Software & Solutions Exhibition 2010 ဖွင့်ပွဲနှင့် Myanmar ICT Awards 2009 ဆုချီးမြှင့်ပွဲ အခမ်းအနား ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဖေဖော်ဝါရီ ၂၆

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်က ကြီးမှူးကျင်းပသည့် Software & Solutions Exhibition 2010 ဖွင့်ပွဲနှင့် Myanmar ICT Awards 2009 ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်တက္ကသိုလ် နယ်မြေရှိ မြန်မာအင်ဖိုတက်ခ် အဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက အမှာစကားပြော ကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မြန်မာနိုင်ငံကွန်ပျူတာ အသင်းချုပ်ဥက္ကဋ္ဌက Software & Solutions Exhibition 2010 ဖွင့်ပွဲနှင့် Myanmar ICT Awards 2009 ဆုပေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက Myanmar ICT Awards 2009 ဆုရရှိကြသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။ **(ယာပုံ)**

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်နှင့် မြန်မာနိုင်ငံအီလက်ထရွန်နစ်အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌတို့က နှစ်သိမ့်ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဂုဏ်ပြုချီးမြှင့်

ထို့နောက် မြန်မာနိုင်ငံကွန်ပျူတာ အသင်းချုပ် ဥက္ကဋ္ဌက Myanmar ICT Awards 2009 ဖြစ်မြောက်ရေးအတွက် တာဝန်ရှိသူတစ်ဦးအား ဂုဏ်ပြုလက်မှတ် ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်နှင့် မြန်မာ့သတင်းအချက်အလက်နှင့် နည်းပညာကော်ပိုရေးရှင်းတို့ မြန်မာအီလက်ထရွန်နစ်ကုန်စည်ဒိုင်များ (Information Network System for Commodity Exchange System) တည်ဆောက်ရန်အတွက် နားလည်မှု စာချွန်လွှာကို ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌနှင့် မြန်မာ့သတင်း အချက်အလက်နှင့် နည်းပညာကော်ပိုရေးရှင်း အုပ်ချုပ်မှု ဒါရိုက်တာတို့က လက်မှတ်ရေးထိုးကြသည်။

ပြန်လည်ပေးအပ်

ထို့နောက် မြန်မာနိုင်ငံ ကွန်ပျူတာ အသင်းချုပ်နှင့် အသင်းများ၏ အဆောက်အအုံအတွက် အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တိုင်းမှူးတို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် Software & Solutions Exhibition 2010 ဖွင့်ပွဲအခမ်းအနားကို အဆောက်အအုံဝင်းအတွင်းရှိ ပြခန်းများရှေ့၌ကျင်းပရာ တိုင်းမှူး၊ မြန်မာနိုင်ငံ အီလက်ထရွန်နစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံကွန်ပျူတာ အသင်းချုပ် ဥက္ကဋ္ဌတို့က ပြခန်းများကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ကြည့်ရှုအားပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လုပ်ငန်းစွမ်းဆောင်ရည် မြှင့်မားရေးသင်တန်းဆင်း

နေပြည်တော် ဖေဖော်ဝါရီ ၂၆

နေပြည်တော် လယ်ဝေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဖွင့်လှစ်သော ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်မားရေးလုပ်ငန်းခွင် ရက်တိုသင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၂၄ရက် မွန်းလွဲ ၂နာရီက မြို့နယ်ရုံးစည်းဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်လယ်ဝေးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်လွင်က သင်တန်းဆင်း အမှာစကားပြောကြားသည်။

ဂုဏ်ပြုဆုချီးမြှင့်

ဆက်လက်၍ သင်တန်းနည်းပြ ဌာနဆိုင်ရာ တာဝန်ရှိသူများအား ဂုဏ်ပြုလက်ဆောင်ပစ္စည်းများပေးအပ်သည်။ ထို့နောက် သင်တန်းသားစံပြဆု၊ စာပေထူးချွန်ဆု၊ သင်တန်းသားထူးချွန်ဆုများကို မြို့နယ်ဥက္ကဋ္ဌ ဦးအောင်လွင်က ပေးအပ်ခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

ပန်းဘဲတန်းမြို့နယ် အမက(၂) မိဘဆရာအသင်း ဆုပေးပွဲနှင့် ၂၀၀၉-၂၀၁၀ ဘက်စုံထူးချွန်ဆုပေးပွဲကို ဇန်နဝါရီ၂၈ရက်က ကျင်းပရာ ဒုတိယတန်း(က)မှ ပထမဆုရ မနှင်းဝတ်ရည်ကျော်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်ဆန်းနွဲ့က ဆုချီးမြှင့်စဉ်။ (ပညာရေး)

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များသို့ စာအုပ် စာစောင်များ ပေးအပ်လှူဒါန်း

တန့်ယန်း ဖေဖော်ဝါရီ ၂၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက အများပြည်သူများ လှူဒါန်းထားသော စာအုပ်စာစောင်များကို ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ ထပ်ဆင့်လှူဒါန်းပွဲကို မိုင်းကောင်ကျေးရွာ စာကြည့်တိုက်၌ ဇန်နဝါရီ ၂၀ရက်က ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မိုင်းကောင်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စာကြည့်တိုက်ကော်မတီမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးစိုင်းထွန်းကျော်က ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ စံ(၅)ချက်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာရေးကိစ္စရပ်များကို ရှင်းလင်းပြောကြားကာ မြို့နယ်အတွင်းမှ စေတနာရှင်ပြည်သူများလှူဒါန်းထားရှိသော စာအုပ်စာစောင်များထဲမှ မိုင်းကောင်ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်စာစောင်များကို ကျေးရွာစာကြည့်တိုက်မှူး ဦးငွေးမောင်ထံ ပေးအပ်လှူဒါန်းသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

နေပြည်တော် ဖေဖော်ဝါရီ ၂၆

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး ဒုတိယနေ့အစီအစဉ်များကို ယမန်နေ့နံနက် ၉နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့ရှိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။

တက်ရောက်

အဆိုပါ နှစ်ပတ်လည်အစည်းအဝေးသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများဖြစ်ကြသော ဒေါ်နီနီဝင်း၊ ဒေါ်မြသီဂီနှင့်ဒေါ်ခင်မိမိ၊ ဥက္ကဋ္ဌဒေါက်တာ ဒေါ်မြင့်ကြည်၊ အတွင်းရေးမှူး အဖွဲ့ဝင်များ၊ ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ခရိုင်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌများနှင့် ပြည်နယ်နှင့်တိုင်းများမှ အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြပြီး အထွေထွေအတွင်းရေးမှူး ဒေါက်တာ ဒေါ်သက်သက်ဇင်က ရှေ့လုပ်ငန်းစဉ် (၁၀)ရပ်နှင့် ဆုံးဖြတ်ချက် (၅)ရပ်တို့ ချမှတ်ရန် အဆိုပြုတင်ပြ၍ တက်ရောက်လာကြသူများက တညီတညွတ်တည်း သဘောတူ အတည်ပြုကြသည်။

ယင်းနောက် သဘာပတိ ဒေါက်တာ ဒေါ်မြင့်ကြည်က နိဂုံးချုပ်အမှာစကားပြောကြားပြီး နှစ်ပတ်လည်အစည်းအဝေး ဒုတိယနေ့ အစီအစဉ်များကို ရပ်နားလိုက်သည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး တတိယနေ့နှင့် နောက်ဆုံးနေ့အစီအစဉ်များကို ယနေ့ နံနက် ၉နာရီခွဲတွင် နေပြည်တော် ဒက္ခိဏသီရိမြို့ရှိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။

ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့များ၏ အသေးစားမတည်ရင်းနှီးငွေ (ယာယီချေးငွေ)(Micro Credit Scheme) လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအဖြစ် အုပ်စု လေးစုခွဲ၍ အသေးစိတ် ဆွေးနွေးကြစဉ်။ (သတင်းစဉ်)

အဆိုပါ နှစ်ပတ်လည်အစည်းအဝေး တတိယနေ့နှင့် နောက်ဆုံးနေ့တွင် သဘာပတိအဖြစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်မြင့်ကြည်က ဆောင်ရွက်သည်။

ရှေးဦးစွာ သဘာပတိ ဒေါက်တာ ဒေါ်မြင့်ကြည်က ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့များ၏ အသေးစား မတည်ရင်းနှီးငွေ(ယာယီချေးငွေ)(Micro Credit Scheme) လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာများနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ပြန်လည်ဆွေးနွေး

ထို့နောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့များ၏ အသေးစားမတည်ရင်းနှီးငွေ(ယာယီချေးငွေ) (Micro Credit Scheme) လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအဖြစ် အုပ်စုလေးစုခွဲ၍ အသေးစိတ်ဆွေးနွေးကြပြီး အုပ်စုအလိုက်ဆွေးနွေးချက်များကို အုပ်စုခေါင်းဆောင်များက ပြန်လည်ဆွေးနွေးတင်ပြကြသည်။

ဖြည့်စွက်မှာကြား

ယင်းနောက် သဘာပတိ ဒေါက်တာ ဒေါ်မြင့်ကြည်က ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်မှာကြားကာ နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ထို့နောက် အဖွဲ့ချုပ် နာယကများနှင့် အဖွဲ့ချုပ်ဥက္ကဋ္ဌတို့က အသေးစားမတည်ရင်းနှီးငွေ(ယာယီချေးငွေ) (Micro Credit Scheme) လုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် ငွေကျပ်သိန်းစီကို ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများထံ ပေးအပ်ပြီး နှစ်ပတ်လည်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

(သတင်းစဉ်)

မြောက်ပိုင်းစွန်းဒေသများ၌ မိုးအနည်းငယ်ရွာဖွယ်

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ပဲခူးတိုင်းတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၅ဒီဂရီစင်တီဂရိတ်၊ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၅ဒီဂရီစင်တီဂရိတ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့်မန္တလေးတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၃ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ဒေသများတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မြစ်ကြီးနားမြို့နှင့် ခန္တီးမြို့တို့တွင် ၀ဒသမ ၀၈လက်မစီတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းနှင့်အနောက်အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

ဖေဖော်ဝါရီ ၂၇ရက်ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်မြောက်ပိုင်း၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ဆက်လက်ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မတ်လ ပထမ ရက်သတ္တပတ်ကုန်ရက်များအတွက် မိုးလေဝသ ခန့်မှန်းချက်မှာ လာမည့် သီတင်းပတ်ကုန်ရက်များအတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

အမှာစကားပြောကြား

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး တတိယနေ့နှင့် နောက်ဆုံးနေ့တွင် သဘာပတိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်မြင့်ကြည် နိဂုံးချုပ် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)



ယင်း နှစ်ပတ်လည် အစည်းအဝေး ဒုတိယနေ့တွင် သဘာပတိအဖြစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်မြင့်ကြည်က ဆောင်ရွက်သည်။

ရှေးဦးစွာ တိုင်းအမျိုးသမီးရေးရာအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ ပဲခူးတိုင်း(အနောက်ပိုင်း)နှင့် မကွေးတိုင်းတို့မှ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများက အသီးသီးတင်ပြကြသည်။

သုံးသပ်ဆွေးနွေး

ထို့နောက် တိုင်းအမျိုးသမီးရေးရာအဖွဲ့များ၏ တင်ပြချက်များအပေါ် သဘာပတိ ဒေါက်တာဒေါ်မြင့်ကြည်က ပြန်လည်သုံးသပ်ဆွေးနွေးမှာကြားပြီး နှစ်ပတ်လည်အစည်းအဝေးကို ခေတ္တရပ်နားသည်။

ယင်းနောက် နံနက် ၁၁နာရီတွင် နှစ်ပတ်လည်အစည်းအဝေးကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာဒေါ်သက်သက်ဇင်က ဆောင်ရွက်သည်။

ထို့နောက် တိုင်းအမျိုးသမီးရေးရာအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများက အသီးသီးတင်ပြကြရာ သဘာပတိ ဒေါက်တာဒေါ်သက်သက်ဇင်က ပြန်လည်သုံးသပ်ဆွေးနွေးမှာကြားပြီး နှစ်ပတ်လည်အစည်းအဝေး နံနက်ပိုင်းအစီအစဉ်များကို ခေတ္တရပ်နားသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် နှစ်ပတ်လည် အစည်းအဝေးကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်မြင့်ကြည်က ဆောင်ရွက်သည်။

အတည်ပြု

ရှေးဦးစွာ ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့များ၏ ၂၀၀၉ခုနှစ်အတွင်း အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘဝလုံခြုံရေးအတွက် ကဏ္ဍအလိုက်

ယခုအပတ်ထုတ် News Watch (စောင့်ကြည့်) ဂျာနယ်ထွက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

အထူးလျှပ်စစ်မီးလိုင်းများမှ မသမာသောနည်းဖြင့် သွယ်ယူသူများကို ပြင်းပြင်းထန်ထန်အရေးယူမည်၊ လူထုစိန်ဝင်းပြောတဲ့ စာနယ်ဇင်းသမား နိုင်ငံရေးပွဲစားများ၊ အစားအသောက်များအား ဓာတ်ခွဲစစ်ဆေးမည်၊ အထူးယာဉ်လိုင်းများ လူပိုတင်ဆောင်ခြင်းပြဿနာ၊ မန္တလေးလိုင်စင်မရှိသော စီးပွားရေးလုပ်ငန်း သုံးဆ ပေးဆောင်ရမည်၊ နေ့အလိုက် နေ့စဉ်ကံကောင်းစေသော အဆောင်များ၊ ရန်ကုန်မြို့ မီးလျှပ်စစ်မီးဖြည့်ပေးရန် သဘာဝပိုက်လိုင်း ဖဇမိုင်ဆက်သွယ်ပြီးစီးပြီ၊ တာယာနှင့် ဘက်ထရီဈေးနှုန်း ၂၀ရာခိုင်နှုန်းမြင့်တက်လာ၊ မတ်လ ၇ရက်တွင် ဂြိုဟ်နှစ်လုံးပူးမည်၊ ဂြိုဟ်ပူးသည့်အတွက် ဘာတွေဖြစ်လာမလဲ၊ ငါးသိန်းတန် CDMA ဖုန်းများ နယ်မြေကန့်သတ်မှု လျှော့ချတော့မည်လော၊ သောင်တူးခြင်း၊ ရေလမ်းကြောင်း ထိန်းသိမ်းခြင်းလုပ်ငန်းများ ပုဂ္ဂလိကလက်ထဲလွှဲတော့မည်၊ ဘတ်စ်ကား စပယ်ယာ၊ ဒရိုင်ဘာတွေကို ယဉ်ကျေးမှုသင်တန်းပေးရန်လို၊ မုံရွာ-ဟုမ္မလင်းလမ်း ရေလမ်းထက် ကုန်းလမ်းပိုအသွားများ၊ နွေမှာအသားအရေထိန်းသိမ်းမှုနဲ့ ကိုရီးယားသရုပ်ဆောင်များ၊ တရုတ်(တိုင်ပေ)မှာ ကျော်ကြားလာတဲ့ ဖက်ရှင်၊ တိုးတက်သောနိုင်ငံများနှင့် ယှဉ်နိုင်ရန်၊ မြန်မာပြည်ခေတ်မီစွယ်စုံကျမ်းပြုစုရန်လိုအပ်နေပြီ၊ မုံရွာမှာ ကွမ်းရွက်တွေရောင်းကောင်း၊ ရန်ကုန်မြောက်ပိုင်းခရိုင် ၁၂၄ အထူးယာဉ်လိုင်းများ တိုးချဲ့၊ ယခုမြန်မာတွေမှာ အထူးလိုအပ်နေတဲ့ တရုတ်စာ၊ တရုတ်စကားအလွယ်ကူဆုံး သင်ကြားချက်၊ အင်္ဂလန်မှာ ရှုရှတ်ခန်ကား ဝင်ငွေစံချိန်ချိုး၊ နိုင်ငံတကာသတင်းများတွင် ယနေ့ထိပ်တန်းရောက်နေသော တရုတ်နှင့် ဥရောပ ဆက်ဆံရေး၊ တိုယိုတာကားများ၏ ချွတ်ယွင်းချက်အတွက် ထုတ်လုပ်မှုကုမ္ပဏီ ဥက္ကဋ္ဌက တောင်းပန်၊ HIV/ AIDS ကို ဆေးကျွေးခြင်းဖြင့် နှစ် ၄၀အတွင်း ပပျောက်နိုင်မည့်ဆေးဝါးတွေ့ရှိ၊ အာဖဂန်မှာ ဥရောပနေတိုးတပ်ဖွဲ့ဝင်များ အလုံးအရင်းနှင့် တိုက်ခိုက်နေ၊ ဂေါ်ဘာချော့ချ်ပြောတဲ့ အာဖဂန်ရဲ့ သင်ခန်းစာများ၊ ပေါ်တူဂီနိုင်ငံ ရေလွှမ်း၊ မြေပြိုမှုပြဿနာ နောက်ဆက်တွဲများ စသဖြင့် မြန်မာ့သတင်း၊ ကမ္ဘာ့သတင်းများနှင့်···· News Watch (စောင့်ကြည့်)ဂျာနယ် အတွဲ (၅)၊ အမှတ် (၃၁) ထွက်လာကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကျောင်းသား ကျောင်းသူများ အောင်ချက်မြင့်မားရေး ဆီဆိုင်၌ ညှိနှိုင်းဆွေးနွေး

ဆီဆိုင် ဖေဖော်ဝါရီ ၂၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးလွင်သည် ဖေဖော်ဝါရီ ၇ရက်က ဆီဆိုင်မြို့မ အထက်တန်းကျောင်းခန်းမ၌ ဆီဆိုင်မြို့နယ် ပညာရေးဌာနလက်အောက်ရှိ အထက်တန်း၊ အလယ်တန်း၊ မူလတန်းဆရာ ဆရာမကြီးများနှင့် တွေ့ဆုံ၍ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် စာမေးပွဲကို ဖြေဆိုကြမည့် အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းသား ကျောင်းသူများ၏ ပညာအရည်အချင်း ပြည့်မီပြီး စာမေးပွဲအောင်ချက်မြင့်မားရေးနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဖျာပုံ၊ ဘိုကလေး၊ မော်လမြိုင်ကျွန်းမြို့များရှိ လက်သမား၊ ပန်းရန်နှင့် သံချည်သံကွေးသင်တန်း အမှတ်စဉ် (၃) သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက ဖွင့်လှစ်သည့် လက်သမား၊ ပန်းရန်နှင့် သံချည်သံကွေးသင်တန်းအမှတ်စဉ်(၃) သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့နံနက် ၈နာရီခွဲတွင် ဧရာဝတီတိုင်း ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌လည်းကောင်း၊ နံနက် ၁၀နာရီခွဲတွင် ဘိုကလေးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌လည်းကောင်း၊ ညနေ ၃နာရီတွင် မော်လမြိုင်ကျွန်းမြို့ မော်ဧရာခန်းမ၌လည်းကောင်းကျင်းပရာ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးသိန်း တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ အခမ်းအနားများသို့ သက်ဆိုင်ရာခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

အဆိုပါ လက်သမား၊ ပန်းရန်နှင့် သံချည်သံကွေးသင်တန်း အမှတ်စဉ်(၃)ကို ရက်သတ္တ ငါးပတ်ကြာ ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်းဖြစ်ပြီး ဖျာပုံမြို့နယ်ရှိ ကျေးရွာနှင့် မြို့ပေါ်ရပ်ကွက်တို့မှ သင်တန်းသား ၅၀၊ ဘိုကလေးမြို့နယ် ကျေးရွာနှင့် မြို့ပေါ်ရပ်ကွက်တို့မှ သင်တန်းသား ၅၀၊ မော်လမြိုင်ကျွန်းမြို့နယ် ကျေးရွာနှင့် မြို့ပေါ်ရပ်ကွက်တို့မှ သင်တန်းသား ၅၀တို့ အသီးသီးသင်တန်းတက်ရောက်ခဲ့ကြပြီး သင်တန်းတက်ရောက်သူများအား သင်ထောက်ကူပစ္စည်းနှင့် စားဝတ်နေရေးအခမဲ့ စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

27-2 (07).pmd 1 2/27/2010, 2:31 AM

အမှာစကားပြောကြား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မိုးကောင်းမြို့ မိုးကောင်းခန်းမ၌ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

✻ *ကျောဖုံးမှ*

ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဟူးကောင်းချိုင့်ဝှမ်း တိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးရှိ ပညာပေးပြခန်းအတွင်း၌ ခင်းကျင်းပြသထားသော ဟူးကောင်း ကျားထိန်းသိမ်းရေးနယ်မြေရှိ မြစ်ချောင်း သဘာဝဂေဟစနစ် ကျက်စားလျက်ရှိသည့် တောရိုင်းတိရစ္ဆာန်များနှင့် ထိန်းသိမ်းဆောင်ရွက်နေသည့် လုပ်ငန်းမှတ်တမ်းဓာတ်ပုံများကိုလည်းကောင်း၊ တိရစ္ဆာန်များ၏ ရုပ်ကြွင်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဟူးကောင်းချိုင့်ဝှမ်းနယ်မြေ ရေရှည်ထိန်းသိမ်း ကာကွယ်ရေးအတွက် ပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ဖြည့်စွက်ရှင်းလင်း

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တနိုင်းတံတားသို့ ရောက်ရှိကြရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ရေလမ်းအခြေအနေနှင့် ရေလမ်းထိန်းသိမ်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။ ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တနိုင်းတပ်နယ်ခန်းမ၌ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများနှင့် လူမှုရေး အသင်းအဖွဲ့ဝင်များအား တွေ့ဆုံပြီး အမှာစကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တနိုင်းမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ နံနက် ၉နာရီခွဲတွင် မိုးကောင်းမြို့သို့ ရောက်ရှိကြသည်။

ကြိုဆို

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား မိုးကောင်း တပ်နယ်မှ ဗိုလ်မှူးချုပ်စိုးလွင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မိုးကောင်းမြို့၏ ဖွံ့ဖြိုးစည်ပင်မှုကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မိုးကောင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး နိုင်ငံတော်ဝန်ကြီးချုပ်က ကချင်ပြည်နယ်ပညာရေးမှူး ဒေါ်ခင်မေသန်း၊ မြို့နယ်ပညာရေးမှူး ဒေါ်စန်းမြင့်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကေရွှယ်အောင်နှင့် ဆရာ ဆရာမများအား တွေ့ဆုံ၍ ကျောင်းသား ကျောင်းသူများ အမှန်တကယ်တတ်အောင်၊ တော်အောင်သင်ကြားပေးရန်၊ စည်းကမ်းကောင်းသူ၊ ကိုယ်ကျင့်တရား ကောင်းသူ၊ ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မာသူများဖြစ်ရေးကို ငယ်စဉ်ကတည်းက လေ့ကျင့်သင်ကြားပေးရန် မှာကြားသည်။

တွေ့ဆုံ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မိုးကောင်းခန်းမ၌ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ရပ်မိရပ်ဖများအား အဝတ်အထည်၊ ဆေးဝါးပစ္စည်းနှင့် လှူသုံးပစ္စည်းများကို ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ တိုင်းမှူးများနှင့် ဝန်ကြီးတို့က

ဖွင့်လှစ်ပေး

ယင်းနောက် ကောလိပ်ကျောင်းခန်းမ၌ ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအားတွေ့ဆုံရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက နိုင်ငံတော်အစိုးရက နည်းပညာဆိုင်ရာ လူ့စွမ်းအား အရင်းအမြစ်

အနေတို့နှင့်စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းပြောကြားပြီး နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန် အရေးသုံးပါးကို အစဉ်ထိန်းသိမ်းစောင့်ရှောက်ရေး၊ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် နိုင်ငံတော်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်ရန်

များရောက်ရှိမှုနှင့် ဓာတ်အားပေးစက်ရုံစနစ်တည်ဆောက်မည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အေးရှားဝေါကုမ္ပဏီ ဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်က ရေလှောင်တမံဧရိယာအတွင်း လုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထပ်မံကြည့်ရှုစစ်ဆေးပြီး ဆက်လက်ထွက်ခွာလာခဲ့ကြရာ မွန်းလွဲ ၂နာရီခွဲတွင် မြစ်ကြီးနားမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော် ဝန်ကြီးချုပ်သည် ယနေ့နံနက် ၇နာရီခွဲတွင် မြစ်ကြီးနားမြို့ မလိခရိပ်သာ ဧည့်ခန်းမ၌ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် လူမှုရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အစိုးရနည်းပညာကောလိပ်(မိုးညှင်း)ခန်းမ၌ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အဝတ်အထည်များ၊ ဆေးဝါးပစ္စည်းများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မိုးကောင်းမြို့မှ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြပြီး နံနက် ၁၁နာရီ ၂၅မိနစ်တွင် မိုးညှင်းမြို့သို့ရောက်ရှိကြရာ နယ်မြေခံတပ်နယ်မှ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် အစိုးရနည်းပညာကောလိပ်(မိုးညှင်း)သို့ ရောက်ရှိကြရာ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများက ကြိုဆိုကြသည်။

များကို ဒေသများအတွင်းမှာပင် မွေးထုတ်ပေးနိုင်ရေးအတွက် နည်းပညာကောလိပ်(မိုးညှင်း)ကို ဖွင့်လှစ်ပေးခဲ့ကြောင်း။

ယင်းသို့ ဆောင်ရွက်ပေးခဲ့သဖြင့် ငွေကုန်ကြေးကျ သက်သာစွာ ပညာသင်ယူနိုင်ကြောင်း၊ သို့ဖြစ်၍ သင်ကြားပေးသောပညာများကို တတ်မြောက်အောင် သင်ယူကြရန်နှင့် နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေကြရမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

အစဉ်ထိန်းသိမ်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အတွက် လိုအပ်သော အတတ်ပညာနှင့် နည်းပညာဆိုင်ရာ လူ့စွမ်းအား အရင်းအမြစ်များကို ဒေသအတွင်း မွေးထုတ်ပေးနိုင်ရေးအတွက် ဖွံ့ဖြိုးရေးဒေသကြီး(၂၄)ခုတွင် စီမံဆောင်ရွက်ပေးထားမှုအခြေအနေ၊ ဆရာ ဆရာမများသည် မိမိတို့၏ တပည့်များအား အတတ်ပညာနှင့် နည်းပညာဆိုင်ရာ တတ်မြောက်သူများသာမက စည်းကမ်းနှင့် ကိုယ်ကျင့်တရား ကောင်းပြီး ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်သူများဖြစ်ရန် လေ့ကျင့်သင်ကြားပေးရေး၊ ဆရာ ဆရာမများကိုယ်တိုင် မိမိတို့သင်ကြားပေးရသည့် ဘာသာရပ်ဆိုင်ရာကို ကျွမ်းကျင်တတ်မြောက်ပြီး ဖြစ်ပေါ်တိုးတက်နေသော ခေတ်မီနည်းပညာရပ်များကို အစဉ်လေ့လာဆည်းပူးသင်ယူရေး၊ ကျန်းမာကြံ့ခိုင်သည့် လူ့စွမ်းအား အရင်းအမြစ်များပေါ်ထွန်းရေးအတွက် နိုင်ငံတော်က ကျန်းမာရေး အဆင့်အတန်းမြင့်မားအောင် ဆောင်ရွက်ပေးထားမှု အခြေ

အစိုးရ၊ တပ်မတော်တို့နှင့်အတူ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေးနှင့် နိုင်ငံတော်၏ကျေးဇူးသစ္စာကို စောင့်သိရိုသေရေးတို့ကို မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မိုးညှင်းမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြပြီး မေခ-မလိခမြစ်ဆုံ ရေအားလျှပ်စစ်စီမံကိန်းသို့ရောက်ရှိကြရာ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက စီမံကိန်းတည်နေရာ၊ တမံအမျိုးအစား၊ အကြို အင်ဂျင်နီယာလုပ်ငန်းများဆောင်ရွက်မှု၊ စက်ယန္တရား

စေ့စပ်သေချာဆောင်ရွက်

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းသည် ကြီးမားသောစီမံကိန်းတစ်ခုဖြစ်၍ စီမံကိန်းမစတင်မီကပင် လုပ်ငန်းတိုင်းကို စေ့စပ်သေချာစွာ ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် စီမံကိန်းယာယီရှင်းလင်းဆောင်ရှုရပ်မှ စီမံကိန်း၏ ရေဝပ်ဧရိယာအတွင်းရှိ ကျေးရွာများမှ အိမ်များအတွက် နေရာချထားမည့် အဆောက်အအုံများ ဆောက်လုပ်မှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းဧရိယာနှင့် လုပ်ငန်းဆောင်ရွက်မှုကို ရဟတ်ယာဉ်ပေါ်မှ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချ... နှင့် ဝန်ကြီးတို့ တနိုင်းမြို့၌ CDMA-450 M... ခေါ်ဆိုကြစဉ်။

မိုးကောင်းမြို့

မိုးကောင်းမြို့ကို ဝေဟင်မှ တွေ့ရစဉ်။ (သတင်းစဉ်)

အစိုးရနည်းပညာကောလိပ်(မိုးညှင်း)

အစိုးရနည်းပညာကောလိပ်(မိုးညှင်း)ကို တွေ့ရစဉ်။ (သတင်းစဉ်)

27-2 (08-09).pmd 1 2/27/2010, 2:31 AM

ထပ်မံကြည့်ရှုစစ်ဆေးပြီး ဆက်လက်ထွက်ခွာလာခဲ့ကြရာ မွန်းလွဲ ၂နာရီခွဲတွင် မြစ်ကြီးနားမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော် ဝန်ကြီးချုပ်သည် ယနေ့နံနက် ၇နာရီခွဲတွင် မြစ်ကြီးနားမြို့ မလိခရိပ်သာ ဧည့်ခန်းမ၌ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြရာ ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးငြိမ်း၊ ဆေးရုံအုပ်ကြီး ဒေါက်တာခင်တင်၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်နှင့် ဆရာမများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်၊ ဆရာမများအားတွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

ပြန်လည်ရောက်ရှိ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ နံနက် ၁၀နာရီခွဲတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

ဖြည့်ဆည်းဆောင်ရွက်

နိုင်ငံတော် ဝန်ကြီးချုပ်သည် တနိုင်းမြို့နယ်၊ မိုးကောင်းမြို့နယ်နှင့် မြစ်ကြီးနားမြို့နယ်တို့၏ ဖွံ့ဖြိုးတိုးတက်မှုများကို ကြည့်ရှုစစ်ဆေးစဉ် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ဒေသခံများနှင့်တွေ့ဆုံ၍ အမှာစကား ပြောကြားရာ၌ မိမိတို့အဖွဲ့သည် ကချင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် လာရောက်ခြင်းဖြစ်ကြောင်း။

ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးရာတွင် တည်ငြိမ်အေးချမ်းမှုရှိရန် အရေးကြီးကြောင်း။

ဝိုင်းဝန်းထိန်းသိမ်း

ကချင်ပြည်နယ်သည် ယခင်က တည်ငြိမ်အေးချမ်းမှုမရှိခဲ့၍ ဖွံ့ဖြိုး တိုးတက်မှု နောက်ကျခဲ့ရကြောင်း၊ ယခုအခါ တည်ငြိမ်အေးချမ်းမှု ရရှိနေပြီဖြစ်၍ အခြားဒေသများနည်းတူ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က အခြေခံကျသည့် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး အခြေခံကောင်းများကို တည်ဆောက်ပေးခဲ့သဖြင့် လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်မှုတို့ကို လက်တွေ့ခံစားနေကြရပြီဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်မှု ပိုမို ကောင်းမွန်စေရေးအတွက် လက်ရှိပြေးဆွဲလျက်ရှိသည့် မြစ်ကြီးနား-မန္တလေးရထားကို နေ့ချင်းပေါက် အမြန်ရထားဖြင့် စတင်ပြေးဆွဲရန် စီစဉ်လျက်ရှိကြောင်း၊ ၄င်း အခြေခံကောင်းများ မပျက်မစီးရအောင် ပြည်သူများက ဝိုင်းဝန်းစောင့်ရှောက်ထိန်းသိမ်းရမည်ဖြစ်ကြောင်း။

မိမိတို့၏ နိုင်ငံသည် သယံဇာတများပေါကြွယ်ဝသည့် နိုင်ငံဖြစ်၍ ယင်းတို့ကို နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထုတ်ယူသုံးစွဲရန် အတတ်ပညာ၊ နည်းပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ လိုအပ်ကြောင်း။

နိုင်ငံတော်က ပညာတတ် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းရေးအတွက် အခြေခံပညာကဏ္ဍ အပါအဝင် အဆင့်မြင့် ပညာကဏ္ဍကိုပါ ပညာရည်အဆင့်အတန်း မြင့်မားအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ကျန်းမာကြံ့ခိုင်သော လူ့စွမ်းအားအရင်းအမြစ်များကသာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်၍ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးရုံ၊ ဆေးခန်းများ တိုးချဲ့ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ အထူးကုဆရာဝန်များ ဖြည့်ဆည်းပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက် ရှိကြောင်း၊ ယင်းသို့ ဆောင်ရွက်ပေးနိုင်မှုကြောင့် မိမိတို့ဒေသတွင်း၌ပင် အကုန်အကျ သက်သာစွာဖြင့် ဆေးဝါးကုသနိုင်ကြပြီ ဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်

ဤအခြေခံကောင်းများကို အကျိုးရှိစွာ အသုံးချပြီး ကျန်းမာသန်စွမ်းသည့် အရည်အချင်း မြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းရေးကို ကြိုးပမ်းသွားရမည်ဖြစ်ကြောင်းနှင့် တိုင်းရင်းသား အားလုံးသည် ပြည်ထောင်စုကြီးအတွင်း၌ နေထိုင်ကြသည်ဖြစ်၍ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် ဒေသစွဲ၊ လူမျိုးစွဲ၊ ဝါဒစွဲမထားဘဲ မိမိတို့အားလုံးသည် မြန်မာနိုင်ငံသားဖြစ်သည်၊ မြန်မာသည် မြန်မာအတွက် ဖြစ်ရမည်ဆိုသည့် ခံယူချက်ဖြင့် မြန်မာနိုင်ငံ အကျိုးစီးပွားတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ တက်ညီလက်ညီပူးပေါင်းဆောင်ရွက်မည် ဆိုသည့် သန္နိဋ္ဌာန်စိတ်ဓာတ် ထားရှိရမည်ဖြစ်ကြောင်း ဖြင့် ရှင်းလင်းမှာကြားခဲ့သည်။

စာမျက်နှာ ၁၀ ကော်လံ ၁သို့

(ကျောင်းသား ကျောင်းသူများအား အမှာစကား (သတင်းစဉ်)

တည်ငြိမ်အေးချမ်းမှု ရရှိနေပြီဖြစ်၍ အခြားဒေသများနည်းတူ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က အခြေခံကျသည့် လမ်းပန်း ဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး အခြေခံကောင်းများကို တည်ဆောက်ပေးခဲ့သဖြင့် လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်မှုတို့ကို လက်တွေ့ခံစားနေကြရပြီ။

ရှုရပ်မှကြည့်ရှု

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မြစ်ဆုံရေအားလျှပ်စစ် စီမံကိန်းယာယီရှင်းလင်းဆောင်ရှုရပ်မှ စီမံကိန်း ရေဝပ်ဧရိယာအတွင်းရှိ ကျေးရွာများမှ အိမ်များအတွက် နေရာချထားမည့် အဆောက်အအုံများ ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်းနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့ တနိုင်းမြို့ ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းနှင့် ယာဉ်တင်တယ်လီဖုန်း (CDMA-450 MH_z) စနစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ တိုင်းမှူးနှင့် ဝန်ကြီးတို့ တနိုင်းမြို့၌ CDMA-450 MH_z တယ်လီဖုန်း စမ်းသပ်ခေါ်ဆိုကြစဉ်။ (သတင်းစဉ်)

မိုးညှင်းမြို့

မိုးညှင်းမြို့ကို ဝေဟင်မှ တွေ့ရစဉ်။ (သတင်းစဉ်)

မွေးဖကျေးဇူးဆပ်ခရီးမြတ် စတင်သောနေ့

ဒေါက်တာသန်းဦး

ဂေါတမ မြတ်စွာဘုရားသခင်သည် ခြောက်ကျိပ်တစ်ပါးသော ရဟန္တာအရှင်များနှင့် ဣသိပတနမိဂဒါယဉ်၌ ပထမဝါကပ်တော်မူရာမှ ထမြောက်သော် ဘုရားရှင်တစ်ပါးတည်း ဥရုဝေလတောသို့ဝင်၍ ဥရုဝေလအမျိုးရှိသော ရသေ့ညီနောင် ရှင်တစ်ထောင်တို့အား ရဟန်းဖြစ်စေကာ အဆိုပါ ရဟန်းတစ်ထောင် အခြံအရံနှင့် ရာဇဂြိုဟ်မြို့တော်သို့ ကြွတော်မူပြီး ဗိမ္ဗိသာရမင်းတရား၏ ဝေဠုဝန်ကျောင်းတော် အာရာမ်ကို အလှူခံလျက် သီတင်းသုံးတော်မူခဲ့သည်။ အချိန်ကာလ နှစ်လလွန်မြောက်ရာ ရာသီသာစွ ခါသမ၊ တပေါင်းသာခေါင် လများနောင်ဟု ခေါ်ဆိုသမုတ်ကြသည့် တပေါင်းလပြည့်နေ့ ရောက်ခဲ့ပြီ။

သစ်ရွက်ရော်ရီ ဣန္ဒနီလည်း သီဂီတစ်ဝက်ဖက်၍ ဆေးစုံခြယ်သောပုံနှင့် ရှုံမြိုင်တွင်း တောလုံးလင်းခဲ့၏၊ ခြေခင်း လက်ခင်းသာယာလွန်စွာ တင့်တယ်ကြည်နူးပုံ့ပျူးဖွယ်ပင်။ ကာလဋ္ဌာန ပယောဂကို သြချကျွမ်းကျင် သစ္စာရှင်ဖြစ်တော်မူသော ကာဠုဒါယီ ရဟန္တာအရှင် မထေရ်မြတ်ကြီးသည် ဘုန်းတော်ကြီးမားသော မြတ်ဘုရားအား "ဆောင်း အခါသမယလည်းကုန် ဥတုရာသီလည်း ကောင်းမွန်သဖြင့် ဉာတိသင်္ဂဟပဓာနထားကာ ခမည်းတော်အမှူးထားသော ဆွေတော်မျိုးတော်တို့အား ချီးမြှောက်ရန်အလို့ငှာ ရာဇဂြိုဟ်ပြည်မှ ယူဇနာခြောက်ဆယ်ကွာဝေးသော ကပိလနေပြည်တော်သို့ ကြွချီတော်မူရန် ကောင်းမွန်လှစွာ သာယာစိုပြည် ဂုဏ်ပေါင်းဝေသော ဥတုသမယ တပေါင်းလပြည့်နေ့သို့ ရောက်လာပြီဖြစ်၍ အခါသင့်တုံ အခွင့်ကြုံရုံမျှမက လွန်စွာလျှောက်ပတ် ကောင်းမြတ်လှပါကြောင်း" ဂါထာခြောက်ဆယ်မျှဖြင့် ချီးမွမ်းလျှောက်ထားခဲ့၏။

ထိုအခါကား ဘုရားရှင်သာသနာတွင် ဥရုဝေလကဿပ အမှူးရှိသော ရဟန္တာတစ်ထောင်အကြောင်းပြု၍ တပည့်တပန်းပေါင်း ဇဟိဘိက္ခု ရဟန်းတစ်သောင်းနှင့် ကပိလနေပြည်တော်မှ ခမည်းတော်က သားဘုရားအား ဆယ်ခါဆယ်ခေါက် အပင့်လျှောက်ခဲ့၍ တစ်ခေါက် တစ်ထောင်နှုန်းနှင့် ဇဟိဘိက္ခု ရဟန်းတစ်သောင်း၊ စုစုပေါင်းနှစ်သောင်းကျော်မျှသော ရဟန္တာများဖြင့် အလွန်တောက်ပတင့်တယ် စင်ကြယ်ရွှန်းပ ခါသမယလည်း ဖြစ်ပေ၏။

ကာဠုဒါယီမထေရ်သည် ကပိလနေပြည်ကြွချီတော်မူရန် လမ်းပန်းသာယာတင့်တယ်ပါလှကြောင်း လျှောက်ထားသည့်အားလျော်စွာ မြတ်စွာဘုရားက "နှစ်သောင်းကျော်မျှသော ရဟန္တာအပေါင်း အခြံအရံနှင့်တကွ ကြွတော်မူအံ့" ဟု ရဟန်းတို့အား ကတိကဝတ်ပြုစေတော်မူပြီးလျှင် ရာဇဂြိုဟ်ပြည်မှ တစ်နေ့တစ်ယူဇနာကျ ယူဇနာခြောက်ဆယ်မျှကို နှစ်လခရီးဖြင့် ကြွချီတော်မူရာ ကာဠုဒါယီမထေရ်မြတ်က ခမည်းတော်မင်းကြီးအား "မြတ်စွာဘုရား ထွက်ခွာကြွလာတော်မူသည်ကို ပြောကြားပေအံ့" ဟု ကောင်းကင်ခရီးမှ အလျင်ကြွသွားတော်မူ၏။ မထေရ်မြတ်သည် မင်းကြီးထံရောက်၍ သားတော်မြတ်ဘုရား ကြွချီတော်မူလာကြောင်းသိရသော် အတိုင်းမသိ ဝမ်းမြောက်ဘိကာ မထေရ်အား ဆွမ်းကိစ္စပြုစေတော်မူပြီးနောက် သားဘုရားအထံတော်ရောက် ဆက်ကပ်စိမ့်သောငှာ မွန်မြတ်လှစွာသော ခဲဖွယ်ဘောဇဉ်တို့ကို မထေရ်မြတ် သပိတ်တွင်ထည့်လျက် သားဘုရားအား ဆက်ကပ်ပေးပါရန် ခွင့်ပန်ခဲ့သည်။ မထေရ်ရှင်လည်း သခင်ဘုရားအား ဆက်ကပ်၍ ဤနည်းဖြင့် နေ့စဉ်နေ့တိုင်း "မြတ်စွာဘုရား ကြွလာတော်မူသည်မှာ ခရီးတာမည်မျှရောက်ပြီ" ဟု ခမည်းတော်နှင့် ဆွေတော် မျိုးတော်တို့အား အသိပေးပြောကြား ကုသိုလ်စေတနာ ပွားစေသည်။

ဤသို့ဖြင့် ခမည်းတော်ကြီးနှင့် သာကီဝင်မင်းအပေါင်းလည်း ရက်ပေါင်းခြောက်ဆယ်ပြည့်မြောက်စဉ်ဝယ် နိဂြောဓအာရာမ်ကို ကြိုတင်စီမံပြီးဖြစ်ကာ ဘုရားထံလှူဒါန်းပါသည်။ ထိုစဉ် အဆိုပါအာရာမ်၌ နှစ်သောင်းကျော်သော ရဟန္တာပေါင်းခြံရံလျက် သပ္ပာယ်တင့်တယ်စွာ စံနေတော်မူသောဘုရားရှင်ကို သာကီဝင်မင်းမျိုးအပေါင်းက မာနခက်ထန်ကာ "ငါတို့မြေးဖြစ်သည်၊ ငါတို့အောက်အငယ်ဖြစ်သည်" ဟု ထင်စွဲကာ ရှိမခိုးကြသဖြင့် ထိုသူတို့၏ အတွင်းစိတ်ကို သိတော်မူ၍ အဘိညာဏ်အခြေခံ စတုတ္ထဈာန်ဝင်စားလျက် ကောင်းကင်သို့ တက်တော်မူပြီး ရေမီးအစုံတန်ခိုးပြာဋိဟာ အဖုံဖုံပြတော်မူမှ ဆွေတော်မျိုးတော်အပေါင်းလည်း မာန်မာနနှိမ့်ချရှိခိုးကြသည့်အပြင် ခမည်းတော်သုဒ္ဓေါဒနမင်းကြီးကိုယ်တိုင် အလောင်းတော်မွေးစ ဒေဝီလရသေ့ဦးခေါင်းထက် တက်စဉ်က ပထမအကြိမ်၊ လယ်ထွန်မင်္ဂလာဆင်းစဉ် သပြေပင်လည်း အရိပ်မပြတ် မိုးအပ်စဉ်က ဒုတိယအကြိမ်၊ ယခုအံ့သြဖွယ် အထူးကြည်နူးရ၍ တတိယအကြိမ်ကန်တော့ပါကြောင်း လျှောက်ထား ကန်တော့ပန်းဆင်ပါသည်။

ဤသို့ဖြင့် နောက်တစ်နေ့နံနက်တွင် ဆွမ်းခဲဖွယ်ဘောဇဉ်ဖြင့် ဖိတ်မန်ခြင်းမရှိ၍ ရှေးဘုရားတို့၏ ထုံးနည်းအတိုင်း ရဟန္တာနှစ်သောင်းနှင့်တကွ ကပိလမြို့တော်တွင်း ဆွမ်းခံကြွတော်မူရာ ခမည်းတော်မင်းတရားလည်း ထိတ်လန့်သောနှလုံးဖြင့် အလျင်အမြန် ပြေးသွားတော်မူကာ မြတ်စွာဘုရားရှေ့တော်တွင်ရပ်လျက် "အရှင်မြတ်အိမ်စဉ်လှည့်ကာ ဆွမ်းခံကာနှင့် များစွာအရှက်ရလှပါကြောင်း" လျှောက်ထားသည်တွင် ရှေးဘုရားတို့၏ အစဉ်အလာကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ဘုရားရှင်ကား သာကီဝင်မဟုတ်တော့ ရှေးရှေးဘုရားအစဉ် ဗုဒ္ဓဝင်သာဖြစ်ကြောင်း မိန့်တော်မူ၏။ ထို့နောက် "**မပျင်းမရိ ကောင်းသောတရားကျင့်ရာ၏၊ တရားကျင့်သူသည် ဤဘဝ နောင်ဘဝ ချမ်းသာကိုရ၏**" ဟူသော တရားကိုမိန့်ကြားရာ ခမည်းတော်မင်းတရား သောတာပတ္တိဖိုလ်၌ တည်၏။

ဆက်လက်၍ ဘုရားရှင်က "ကောင်းမြတ်သော အကျင့်တရား ကျင့်ရာ၏၊ မကောင်းမှု ဒုစရိုက်မကျင့်မကြံရာ၊ ကောင်းမှုပြုသူသည် ယခုဘဝနှင့် နောင်တမလွန်ဘဝမှာ ချမ်းသာစွာနေရ၏" ဟု တရားစဉ်ကို ထပ်မံဟောကြားရာ ခမည်းတော်မင်းတရား သကဒါဂါမိဖိုလ်၌ တည်လေသည်။ မင်းကြီးက ဘုရားရှင်၏ သပိတ်တော်ကို ခွင့်ပန်တောင်းယူပြီးလျှင် နန်းတော်ပင့်ဆောင်ကာ မွန်မြတ်သောဘောဇဉ်တို့ဖြင့် ဆက်ကပ်လှူဒါန်းတော်မူသည်။

ထို့နောက် သားတော်ငယ် နန္ဒမင်းသား၊ မြေးတော် ရာဟုလာတို့ သာသနာ့ဘောင် ရောက်ပြီးနောက်ဝယ် ခမည်းတော်ကြီးသည် အလွန်စိတ်ဆင်းရဲတော်မူ၍ မြတ်စွာဘုရားထံချဉ်းကပ်ပြီး "အမိအဖတို့ ခွင့်မပြုသော သားမြေးကို ရှင်ရဟန်းမပြုရန်" လျှောက်ထားတောင်းပန်ခဲ့သည်။ ဆက်လက်၍ အလောင်းတော်မြတ် ဒုက္ကရစရိယကျင့်စဉ်ခါက နတ်တစ်ပါးလာပြီး အလောင်းမင်းသား နတ်ရွာစံကြောင်းပြောရာ၌ သားတော်မြတ်သည် ဗောဓိဉာဏ်ဇကန်စင်စစ် မရသရွေ့ ခန္ဓာဆုံးသတ် နိဂုံးမရပ်နိုင်ဟု ပြန်ပြောမှ ကွယ်ပသွားကြောင်း လျှောက်ထားသည်တွင် ဘုရားရှင်က မဟာဓမ္မပါလဇာတ် ဟောကြားခဲ့သည်။ ခမည်းတော်ကြီးသည် အနာဂါမိဖိုလ်၌ တည်လေ၏။ ဤသို့ဖြင့် မြတ်စွာဘုရားသည် ခမည်းတော်မင်းကြီးအား သုံးပါးသောဖိုလ်၌ တည်စေတော်မူပြီးလျှင် ရာဇဂြိုဟ်ပြည်သို့ပင် ပြန်လည်ကာ ဒုတိယဝါကပ်တော်မူလေသည်။

အချုပ်အားဖြင့်ဆိုရသော် "တပေါင်းလပြည့်နေ့"တွင် စတင်ခဲ့သော မွေးဖကျေးဇူးဆပ် ခရီးမြတ်ကား လွန်စွာအောင်မြင်လှသည်။ ရက်ပိုင်းအတွင်း ခမည်းတော်မင်းတရားကြီးကို သုံးမဂ်သုံးဖိုလ် ဆိုက်စေသည်။ ထို့ပြင်တစ်ဝ အကျိုးဆောင်ကောင်းလှသော ကာဠုဒါယီမထေရ်မြတ်ကြီးသည်လည်း ကုလပ္ပသာဒအရာ ဆွေတော်မျိုးတော်တို့ကို ကြည်ညိုစေရာ၌ ဧတဒဂ်ထားခြင်းခံရသည်။ ထိုနည်းတူစွာ သပ္ပုရိသန္တယ်ဝင် အမျိုးကောင်းသား၊ အမျိုးကောင်းသမီးအပေါင်းတို့သည်လည်း "**တပေါင်းလပြည့်နေ့**" တည်းဟူသော အရိယာဟိတ်ဓာတ်မြတ်ကိုခံယူကာ ဗုဒ္ဓမြတ်စွာ၏ သားတော်စစ်၊ သမီးတော်စစ်များဖြစ်စေရန် တစ်ကြောင်းတည်းသောလမ်း မဟာသတိပဋ္ဌာန်တရားကို လက်တွေ့ကျကျ စွန့်စွန့်စားစား စေ့စေ့စပ်စပ် စူးစူးစိုက်စိုက် စိတ်စိတ်ပွားများ အားထုတ်လျက် လောကသံသရာအရေး မွေးသဖခင်အစစ်ဖြစ်တော်မူသော ဘုရားရှင်၏ ကျေးဇူးတော်ကို တရားဓမ္မအားထုတ်ခြင်းဖြင့် ဆပ်ကြပါစေရန် စစ်မှန်သော စေတနာကောင်းဖြင့် ထပ်လောင်းနှိုးဆော်အပ်ပါသည်။ ။

တပေါင်းလ ဥဩသံလွှင်

ပန်းတော်ဝင် ရွှေအင်ကြင်း
ပင်မင်းထက် ဖူးငုံ
ထင်လင်းလျက် ထူးကြုံလာ
မြူးဟုန်ဖြာ တပေါင်း။
ထေရ်မြတ် ကာဠုဒါ
သာခုခါ ချီးမွမ်းခွင့်တောင်း။
မြတ်ဗုဒ္ဓဘဂဝါ ဒေသစာ ကြွကြောင်း
မြေခရာ သစ်ရွက်ဟောင်းတွေက
ကြွေကျပြောင်း စုတေ
ရွက်ပွင့်ခိုင် ခက်အလက်တို့မှာ
အဆက်ဆက် ဖူးငုံဆင့်ဝေ။
ရာသီမြတ် မိန့်အနေ သိရ်သရေ ရှိလှုမို့
တပေါင်းလ ခုတောတစ်ခွင်
ဥဩ သံလွှင်။
ငွေသဲပုံစေတီဆင်သည့် မြေမဟည်တွင်သာကိန်းမို့လေး။

ခိုင်ရွှေကြာ

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(တနင်္ဂနွေနေ့-နံနက်+နေ့လယ်+ည)

၂၈-၂-၂၀၁၀

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၇း၀၅ တရားတော် **(ရတနသုတ်)** ဓမ္မပူဇာတေးပဒေသာ
၇း၂၀ (၃၈)ဖြာမင်္ဂလာ
၇း၃၅ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန် + သတင်းဆောင်းပါး
၈း၁၀ နံနက်ခင်းတေးပဒေသာ
၈း၃၀ ဘဝအသွင် ကဗျာ့အမြင် (တောင်ကျရေ)
၈း၃၅ တေးပဒေသာ
၁၀း၀၀ မင်္ဂလာလက်ဆောင်
၁၀း၃၀ သတင်းစာအာဘော်
၁၀း၃၅ သန့်စွမ်းကျန်းမာကိုယ်ခန္ဓာ (ဒူးနာတတ်တဲ့ အမျိုးသမီးများအတွက် လေ့ကျင့်ခန်း)
၁၀း၄၀ တေးစီးရီး(ခုနစ်ထွေအက-အငဲ)
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ ဆိုကြပျော်ရွှင်တေးသံစဉ်(၇၃)
၁၂း၀၀ စံတော်ချိန် ကလေးအစီအစဉ်- ကလေးများအတွက်ပုံပြင် (မောင်သူရနဲ့ မသီရိ)
၁၂း၁၀ ဘဝတစ်ကွေ့ အတွေ့အကြုံ (အဝင်ခက်ပါပြီ) နေ့လယ်ခင်းတေးပဒေသာ
၁၂း၃၀ စာအုပ်စာပေလှူမိတ်ဆွေ
၁။ English Grammar and Speaking (အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝေဠုရိယ)
၂။ တရုတ်-အင်္ဂလိပ်-မြန်မာစကားပြေ (ဦးအောင်နိုင်-ဘီအေ)
၁၂း၅၀ နေ့လယ်ခင်းတေးပဒေသာ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ သိလိုသမျှမေး ကျန်းမာရေး
၁၃း၂၀ တေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။
၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၂၀ ဆောင်းပါး
၁၆း၃၀ သောတရှင်လိုရာတေး
၁၇း၀၀ မြတ်နိုးစရာ ကျေးရွာတေးကဗျာ
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ ညနေခင်းတေးပဒေသာ
၁၇း၃၅ တို့ပြန်ဖြေကြား အနုပညာရှင်များ (မိုးယုစံ)
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ တေးချစ်သူရွေးသီ တေးပန်းချီ
၁၈း၃၀ သုတစုံကြွယ်သိစေဖွယ် (အပြောကျွမ်း၊ အရေးစွမ်း)
၁၈း၄၅ တေးပဒေသာ
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၁၀ Talk on Line (စည်သူလွင်) နိုင်ငံရေးဦးတည်ချက်
၁၉း၃၀ တေးပဒေသာ
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၁၅ ၂၀၁၀ ခုနှစ် မတ်လအတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၂၀း၂၀ ဖျော်ဖြေသီကြွေး သူ့အလှည့်တေး (မီမီဝင်းဖေ) စီးပွားရေးဦးတည်ချက်
၂၀း၄၀ လယ်ယာစီးပွား (စပ်မျိုးအာလူးမျိုး)
၂၀း၅၀ တေးပဒေသာ လူမှုရေးဦးတည်ချက်
၂၁း၀၀ ရင်တွင်းခံစား တေးသီချင်းများ (စုဝင့်ရည်)
၂၁း၁၅ ညချမ်းချိန်ခါ တေးပဒေသာ
၂၁း၃၀ ခေတ်မရွေးသောတေး
၂၂း၀၀ အစီအစဉ်ပြီး၏။

ဧရာဝတီမြစ်အစ မေခနှင့် မလိခမြစ်တို့ ပေါင်းဆုံရာ မြစ်ဆုံ၏အလှကို ဝေဟင်မှ တွေ့ရစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၉ မှ

နိုင်ငံတော်ဝန်ကြီးချုပ်၏ ကချင်ပြည်နယ်ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ဖေဖော်ဝါရီ ၂၅ရက် နံနက် ၇နာရီတွင် တနိုင်းမြို့ ကင်ဆာရာရပ်ကွက်၌ ကျင်းပသည့် တနိုင်းမြို့ ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်းနှင့် ယာဉ်တင်တယ်လီဖုန်း (CDMA-450 MH_z) စနစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

တက်ရောက်

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်စိုးဝင်း၊ အစိုးရအဖွဲ့အဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မင်္ဂလာအချိန်တွင် ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်းနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့က ဒစ်ဂျစ်တယ်အော်တို အိတ်ချိန်းနှင့် ယာဉ်တင်တယ်လီဖုန်း (CDMA-450 MH_z)စနစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် CDMA-450 MH_z ရေဒီယိုစက်ပစ္စည်းများ တပ်ဆင်ထားမှုကို ကြည့်ရှုစစ်ဆေးကြပြီး တယ်လီဖုန်းကို စမ်းသပ်ခေါ်ဆိုကြသည်။

(သတင်းစဉ်)

တနိုင်းမြို့ရှိ ဟူးကောင်းချိုင့်ဝှမ်း တိရစ္ဆာန်ဘေးမဲ့တော ပညာပေးပြခန်းအတွင်း ပြသထားသော ပစ္စည်းများကို တွေ့ရစဉ်။ (သတင်းစဉ်)

27-2 (10).pmd 1 2/27/2010, 2:31 AM

မိုးညှင်းလိမ္မော် လှိုင်လှိုင်ပေါ်

➤ သတင်းမှတ်စု - သတင်းထောက် မျိုးအောင် (မိုးညှင်း)
➤ စာမျက်နှာဖွဲ့စည်းမှု - ယဉ်ယဉ်အေး (မြန်မာ့အလင်း)

နေပြည်တော် ဖေဖော်ဝါရီ ၂၆

အစာအာဟာရအတွက် လိမ္မော်သီးကို နှစ်သက်စွာ စားသုံးကြသည်။

ကချင်ပြည်နယ်တွင် လိမ္မော်သီးပင်ကို ကျယ်ပြန့်စွာ စိုက်ပျိုးလျက်ရှိရာ တနိုင်း-လဝါး လိမ္မော်သီးမှာ ရာသီချိန်တွင် ပေါများစွာ လှိုင်လှိုင်ထွက်ရှိခြင်းကြောင့် မြစ်ကြီးနား၊ နမ္မတီး၊ မိုးကောင်း၊ ဟိုပင်၊ မိုးညှင်းအထိ တွင်ကျယ်စွာ ဈေးကွက်ဝင်ကာ ရောင်းလိုအားနှင့် ဝယ်လိုအား ကောင်းလျက်ရှိသည်။

အားရဖွယ်

မိုးညှင်းမြို့တွင်လည်း လိမ္မော်သီးကို စနစ်တကျ စိုက်ပျိုးအောင်မြင်လျက်ရှိနေသည်ကို ယခုနှစ် လိမ္မော်သီးရာသီတွင် အားရဖွယ် မြင်တွေ့ရပြီဖြစ်သည်။ မြန်မာ့အလင်း သတင်းအဖွဲ့သည် မကြာမီက မိုးညှင်းမြို့အထွက် အရှေ့တောင်ဘက် နှစ်မိုင်ခန့်အကွာရှိ တောင်ခြေလျှောမြေ၌ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေသော လိမ္မော်စိုက်ပျိုးခြံသို့ သွားရောက်ကွင်းဆင်းလေ့လာခဲ့သည်။ လိမ္မော်ခြံပိုင်ရှင်မှာ မိုးညှင်းမြို့ အောင်သပြေ (၁)ရပ်ကွက်နေ ဦးကျော်နိုင်ဆိုသူ ဖြစ်သည်။

လှပစီရီ

လိမ္မော်ခြံဝင်းအတွင်း ဝင်လိုက်လျှင်ပင် လှပစီရီစွာရှိနေသည့် လိမ္မော်ပင် ပျိုးခင်းကို ဖြတ်သန်းခဲ့ပြီး စီတန်းစိုက်ပျိုးထားသော အမြင့် ၄ပေကျော်မှ ၁၅ပေအထိ လိမ္မော်ပင်များတွင် ဝါဝင်းတွဲရွဲသီးနေသည့် လိမ္မော်သီးများကို မြင်တွေ့ရသည်မှာ အားရဖွယ်ကောင်းလှသည်။ ထိုမှ ဟိုဟိုဒီဒီ ဝန်းကျင်တစ်ခွင်သို့ လှမ်းမျှော်ကြည့်လျှင် သာယာရှုမောဖွယ် တောင်ပြာတန်းကြီး ထီးထီးမားမားနှင့် စပါးစိုက်ပျိုးကွင်းများ၊ ကြက်မွေးမြူရေးခြံများ၊ ဟင်းရွက်သီးနှံစိုက်ခင်းများကို မြင်တွေ့ရသည်။

အသီးအားကောင်း

လိမ္မော်ခြံပိုင်ရှင် ဦးကျော်နိုင်အား တွေ့ဆုံ၍ သိလိုသမျှ မေးမြန်းဆွေးနွေးခဲ့ရာတွင် အဖြေစကားကို ဤသို့ ကြားခဲ့၊ သိခဲ့ရသည်- "လိမ္မော်ပင်ကို မိုးညှင်းမြို့တွင် မည်သူမျှ အများအပြား မစိုက်ပျိုးသေး၍ ဦးဦးဖျားဖျား စိတ်ဝင်တစား စိုက်ပျိုးခဲ့ပါကြောင်း၊ လိမ္မော်ပျိုးပင်များကို ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်မှ ကိုင်းဆက်မျိုးပွားပင် ဝယ်ယူပြီး ၂၀၀၅ခုနှစ် ဇူလိုင်လက စတင်စိုက်ပျိုးခဲ့ပါကြောင်း၊ ယခု လိမ္မော်ပင် အပင်ပေါင်း ၅၀၀ စိုက်ထားပြီး အပင်တိုင်းတွင် အသီးအားကောင်းခဲ့ပါကြောင်း၊ ၂၀၁၀ခုနှစ် ဇူလိုင်လမှာ လိမ္မော်ပင် ၅၀၀ထပ်မံ တိုးချဲ့စိုက်ပျိုးမည်ဖြစ်ကြောင်းနှင့် လိမ္မော်စိုက်ပျိုးခြံကို သုံးဧကကျော်အထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း" ရှင်းလင်းပြောကြားသည်။

ထူးခြားအောင်မြင်

မိုးညှင်းလိမ္မော်ပင်တွေကို ကြည့်ရှုလေ့လာရာ၌ အပင်အမြင့် လေးပေမှ ခြောက်ပေအထိ တစ်ပင်လျှင် လိမ္မော်သီးအနည်းဆုံး အလုံး ၆၀မှ အလုံး ၁၀၀အထိ သီးနေတတ်ပြီး အပင်အမြင့် ၁၀ပေမှ ၁၅ပေအထိ တစ်ပင်လျှင် အနည်းဆုံး အလုံး ၁၀၀မှ ၁၅၀အထိ သီးနေသည်ကို တွေ့မြင်ခဲ့ရသည်။ အသီးအငယ်ဆုံးလုံးဝန်းမှာ ရှစ်လက်မခွဲရှိပြီး အကြီးဆုံးလုံးဝန်းမှာ ၁၃လက်မအထိရှိသည်ကို တွေ့ရသည်။ ထူးခြားအောင်မြင်နေသော လိမ္မော်ခြံသို့ လေ့လာသူများ၊ ဝယ်သူများဖြင့် စည်ကားလျက်ရှိသည်။ ထိုခြံမှ လိမ္မော်သီးများမှာ အလုံးအဝန်းလှပခြင်း၊ အရောင်အဆင်းကောင်းခြင်း၊ အရသာရှိခြင်းတို့ကြောင့် စားသုံးသူတို့ အလွန်ပင်အကြိုက်တွေ့ကြသည်။ ဝယ်လိုအားကောင်းပြီး ဈေးကွက်ဝင်ကောင်းလှသော မိုးညှင်းလိမ္မော်သီးအဖြစ် အောင်မြင်ဖြစ်ထွန်းလျက် ရှိပါကြောင်း သတင်းမှတ်စု ရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၁ ခုနှစ် တပေါင်းလပြည့်နေ့ (ဥပုသ်နေ့)

၂၇-၂-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်

၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အဂ္ဂဇယမင်္ဂလာ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇:၅၀ ၅။ သီတဂူဆရာတော် အရှင်ဉာဏိဿရ ၏ ရွှေဦးဆောင်းနှောင်း လတပေါင်း (အပိုင်း-၂)
၈:၅၅ ၆။ International News

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၂၀ ၂။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁:၄၅ ၃။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၃၅ ၄။ Yan Can Cook
၁၂:၅၅ ၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဟာသကမ္ဘာ** (အပိုင်း-၇၅)
၁၃:၃၀ ၆။ တေးဂီတအစီအစဉ်
၁၃:၄၅ ၇။ အဆိုပြိုင်ပွဲ
၁၃:၅၅ ၈။ **တစ်သက်စာ**
၁၄:၃၅ ၉။ ဆန်းကြယ်ဝင့်ထည် အောင်သပြေမြင်ကွင်းကျယ်
၁၄:၄၅ ၁၀။ International News

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄:၂၀ ၃။ တေးဂီတအစီအစဉ်
၄:၃၅ ၄။ ကွန်ရက်သဖွယ်ယှက်နွယ်ထား သီရိမင်္ဂလာ ခုံးကျော်တံတား
၄:၄၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (အိမ်တွင်းစီးပွား၊ ဥပဒေအထူးပြုများ) (စီးပွားရေးပညာ)
၄:၅၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေး တေးများ
၅:၀၅ ၇။ ဂီတသံစဉ် အလှဆင်
၅:၂၅ ၈။ ရတနာစုံညီ နေပြည်တော်ဆီ
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၁၅ ၁၀။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၁။ အလှရှာမယ် လှကမ္ဘာဝယ်
၆:၄၀ ၁၂။ ယဉ်တစ်ကိုယ်မယ်
၇:၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **တော်ဝင်နှလုံးသား** (အပိုင်း-၁၅)
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (အပိုင်း-၄)
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရွှေဖူးစာလည်** (အပိုင်း-၁၀)
၁၉။ ဂီတတံခါးလေးဖွင့်ပါဦး
၂၀။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်

နိုင်ငံတော်အစိုးရ၏ စေတနာမှန်ကိုသိမြင် တောတွင်း လက်နက်ကိုင်အဖွဲ့ဝင်များ လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၂၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ထား၍ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး နိုင်ငံတစ်ဝန်း အကြားအလပ်မရှိ မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိခြင်းကြောင့် နိုင်ငံတော်အစိုးရ၏ လုပ်ရပ်နှင့် စေတနာအမှန်ကို သိမြင်လာကြသော တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းများသည် ၎င်းတို့၏ မှားယွင်းသောလုပ်ရပ်များအပေါ် နားလည်သဘောပေါက်ကာ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ရင်ခွင်သို့ တစ်ဦးချင်းမှအစ အစုအဖွဲ့အလိုက် လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်လျက်ရှိရာ ၂၀၀၉ ခုနှစ် မတ်လနှင့် နိုဝင်ဘာလများအတွင်း -

တြိဂံဒေသတိုင်းစစ်ဌာနချုပ်နယ်မြေတွင် အက်စ်အက်စ်အေ(ရှက်ဆစ်) တောတွင်းလက်နက်ကိုင်အဖွဲ့မှ တပ်စုမှူးအဆင့်ရှိ ကျဆီး၊ တပ်သား ကျခေါနှင့် ရှီးမွန်တို့သည် အေကေ-၄၇ မောင်းပြန်ရိုင်ဖယ် နှစ်လက်၊ အမ်-၁၆ မောင်းပြန်ရိုင်ဖယ် တစ်လက်၊ ကာဘိုင် တစ်လက်၊ ဝင်ချက်စတာ တစ်လက်၊ ပစ္စတို တစ်လက်၊ ကျည်အိမ်မျိုးစုံ ခုနစ်ခု၊ ကျည်မျိုးစုံ ၁၁၃ တောင့်တို့ဖြင့်လည်းကောင်း၊ တပ်သား ကျားညီ၊ ကျာအေးနှင့် ကျလားတို့သည် အမ်အေ-၁၁ မောင်းပြန်ရိုင်ဖယ် တစ်လက်၊ ၎င်းကျည်အိမ် သုံးခု၊ ကျည် ၁၀၈ တောင့်၊ လက်ပစ်ဗုံး တစ်လုံးတို့ဖြင့်လည်းကောင်း၊ တပ်သား လောဂျူးသည်လည်းကောင်း။

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင် အက်စ်အက်စ်အေ(ရှက်ဆစ်) တောတွင်းလက်နက်ကိုင်အဖွဲ့မှ တပ်သား လုံးညာ၊ လုံးအောင်၊ လုံးနာလိန်၊ လုံးတိုးနှင့် လုံးညိုတို့သည်လည်းကောင်း၊ ကေအင်န်ပီပီ တောတွင်းလက်နက်ကိုင်အဖွဲ့မှ တပ်ကြပ်အဆင့်ရှိ တင်လှသည် အမ်-၁၆ မောင်းပြန်ရိုင်ဖယ် တစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ကျည်အတောင့် ၅၀ ဖြင့် လည်းကောင်း။

အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေတွင် အေဘီအက်စ်ဒီအက်ဖ် တောတွင်းလက်နက်ကိုင်အဖွဲ့မှ တပ်သား ရာဇာ(ခ)ဇာကြီးနှင့် စစ်ကိုနိုင်(ခ)ညီညီထွေးတို့သည်လည်းကောင်း၊ မွန်ခွဲထွက် ဓားပြတောတွင်းလက်နက်ကိုင်အဖွဲ့မှ တပ်သား မောင်ငင်း၊ ထွန်းထွန်းဝင်း၊ မောင်ဝင်း၊ ဟိန်းဇော်ဝင်း၊ ဇော်ဝမ်းနှင့် ဝင်းလှိုင်တို့သည် အေကေ-၄၇ မောင်းပြန်ရိုင်ဖယ်နှစ်လက်၊ အမ်-၁၆ မောင်းပြန်ရိုင်ဖယ်နှစ်လက်၊ ကျည်အိမ်မျိုးစုံ ၁၀ခု၊ ကျည်မျိုးစုံ ၂၄၅ တောင့်၊ လက်ပစ်ဗုံး သုံးလုံး၊ နင်းမိုင်း တစ်လုံး၊ အီကွေးမင့် ငါးစုံတို့ဖြင့် လည်းကောင်း။

လဲလှယ်ဝင်ရောက်

တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင် ကေအင်န်ယူ တောတွင်းလက်နက်ကိုင်အဖွဲ့မှ တပ်မဟာ(၂) ရင်း(၅)မှ တပ်ကြပ်ကြီး စောဘွိုင်းကြီးသည်လည်းကောင်း အသီးသီး လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ခဲ့ကြသည်။

လှိုက်လှဲပျူငှာစွာ

အဆိုပါကာလအတွင်း လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ခဲ့ကြသူ စုစုပေါင်း ၂၂ ဦးတို့အား သက်ဆိုင်ရာ တပ်စခန်းအသီးသီးမှ တာဝန်ရှိသူများက လှိုက်လှဲပျူငှာစွာ ကြိုဆိုကြပြီး လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်းနှင့် အလားတူ လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ရန် ကျန်ရှိနေသေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

အမက(၁၃)တောင်ဥက္ကလာ မြတ်ဆရာပူဇော်ပွဲ

အမက (၁၃) (ယခင်စံပြ အမက-၁၃) တောင်ဥက္ကလာပတွင် ၁၉၆၂ခုနှစ်မှ ၂၀၁၀ခုနှစ်အထိ ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဧပြီ ၄ရက် နံနက် ၁၀နာရီတွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ရန် ဖိတ်ကြားနှိုးဆော်ထားသည်။

စိတ်ကူးချိုချိုစာအုပ်ရောင်းပွဲ စာပေလောက(၅)၌ ကျင်းပ

စာပေချစ်သူများအတွက် စိတ်ကူးချိုချိုစာအုပ်တိုက်၏ စာအုပ်ရောင်းပွဲကို ဖေဖော်ဝါရီ ၂၆ရက် (သောကြာနေ့) မှ မတ် ၇ရက် (တနင်္ဂနွေနေ့) အထိ ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်း(အလယ်)နှင့် မဟာဗန္ဓုလလမ်းထောင့်ရှိ စာပေလောက(၅)၌ နံနက် ၉နာရီမှ ညနေ ၅နာရီအတွင်း ခင်းကျင်းရောင်းချလျက်ရှိသည်။

သဃ်န်းကျွန်း စာပေနှင့် စာနယ်ဇင်းအဖွဲ့ စည်းဝေးမည်

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ မျက်နှာစုံညီ အစည်းအဝေးကို သဃ်န်းကျွန်းမြို့နယ်ရုံးခန်းမ၌ မတ် ၆ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ကျင်းပမည်ဖြစ်ရာ မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များ တက်ရောက်နိုင်ရန် ဖိတ်ကြားထားသည်။

ဂီတမိတ်အဖွဲ့ ဂီတဖျော်ဖြေတင်ဆက်မည်

ဂျပန်သံရုံးကကြီးမှူးကျင်းပသော တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်မြို့ ပါ့ခ်ရွိုင်ရယ် ဟိုတယ်၌ ဖေဖော်ဝါရီ ၂၇ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ကျင်းပမည်ဖြစ်ရာ ဂီတမိတ်အဖွဲ့က ဖျော်ဖြေတင်ဆက်မည် ဖြစ်သည်။

မြဝတီမဂ္ဂဇင်း မတ်လထုတ် ဖြန့်ချိထားပြီ

မတ်လထုတ် မြဝတီမဂ္ဂဇင်းကို ကဗျာ၊ ကာတွန်း၊ ဆောင်းပါး၊ ရသဖွဲ့ဝတ္ထုများဖြင့် ထုတ်ဝေဖြန့်ချိထားပြီဖြစ်ရာ ဖတ်ရှုလိုသူများ ဖုန်း-၃၇၁၂၄၄နှင့် ၅၅၈၂၇၃တို့သို့ ဆက်သွယ်မှာကြား ဝယ်ယူနိုင်သည်။

မြကျွန်းသာပန်းခြံ၌ ပျော်ပွဲရှင်ပွဲ ကျင်းပမည်

ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ မြကျွန်းသာပန်းခြံ၌ ဖေဖော်ဝါရီ ၂၈ရက်၊ မတ် ၁ရက်နှင့် ၂ရက်တို့တွင် လေးဇီးကလပ် တေးဂီတအဖွဲ့နှင့်အတူ နာမည်ကြီး အဆိုတော်များက ဖျော်ဖြေတင်ဆက်မည်ဖြစ်ပြီး အတွေ့အကြုံသစ်များ ခံစားရရှိမည့် ပျော်ပွဲရှင်ပွဲကြီးလည်း ပျော်ရွှင်စွာဆင်နွဲနိုင်ရန် ကျင်းပမည်ဖြစ်သည်။

အထက(၃)စမ်းချောင်း (၁၁)ကြိမ်မြောက်မြတ်ဆရာပူဇော်ပွဲ

အထက(၃)စမ်းချောင်း ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို မတ် ၂ရက် (အင်္ဂါနေ့)နံနက် ၉နာရီတွင် အဆိုပါ ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ရန် ဖိတ်ကြားထားသည်။

မြမြစ်နဒီစာအုပ် စာပေဗိမာန်မှ အသင်းဝင်များထံဖြန့်ချိ

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန် စာအုပ်အသင်းက ၂၀၀၇ ခုနှစ် စာပေဗိမာန်ဝတ္ထုရှည် ပထမဆုရ သုသိဏ်ရေးသားသော မြမြစ်နဒီစာအုပ်ကို အသင်းဝင်များသို့ ဖြန့်ချိပေးလျက်ရှိပြီး အသင်းဝင်လိုပါက ဖုန်း-၀၁-၂၄၉၀၃၁သို့ ဆက်သွယ်နိုင်သည်။

ကလေးသူငယ် ပညာရေးဆိုင်ရာပြပွဲ ခင်းကျင်း

ကလေးငယ်များအတွက် ကျန်းမာရေးပညာပေး ပြဇာတ်များ၊ ပျော်ရွှင်ဖွယ် ကစားပွဲများ၊ ကလေးအထူးကု ဆရာဝန်များ၏ ဟောပြောပွဲများနှင့်အတူ မိသားစု အသုံးအဆောင်ပစ္စည်းများကို ပြခန်းများ စုံလင်စွာဖြင့် ရောင်းချပေးသည့် Child Educare Exhibition 2010 ကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဖေဖော်ဝါရီ ၂၈ရက်အထိ ကျင်းပလျက်ရှိသည်။ ။ *(မြန်မာ့အလင်း)*

စုစည်းရေးသားသူ - ဝင်းကျော်

ညနေပိုင်း ထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်း၊ ဟင်းချက်ပြုတ်ခြင်း မပြုစေရန်။
(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။
(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ အထူးသတိပြုသုံးစွဲရန်။

မန္တလေး-မိုးကုတ်-ပြင်ဦးလွင် ပတ်ဝန်းကျင်ဒေသများ နိုင်ငံခြားသံရုံးများမှ သံတမန်များ သွားရောက်လေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၂၆

နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းနှင့်ဇနီးတို့ ဦးဆောင်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက စင်ကာပူသမ္မတနိုင်ငံသံအမတ်ကြီးနှင့် ဇနီး၊ မြန်မာနိုင်ငံအခြေစိုက် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ဇနီးများ ပါဝင်သည့်လေ့လာရေးအဖွဲ့သည် ဖေဖော်ဝါရီ ၂၁ရက်မှ ၂၃ရက်အထိ မန္တလေးတိုင်းအတွင်း ဒေသန္တရဗဟုသုတ လေ့လာရေးခရီး ထွက်ခွာခဲ့ကြသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် ဇနီးတို့ဦးဆောင်သော သံတမန်အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၂၁ရက် မွန်းလွဲပိုင်းတွင် မိုးကုတ်မြို့ရှိ နိုင်ငံတော်နှင့် ပုဂ္ဂလိက ဖက်စပ် ကျောက်မျက် တူးဖော်ရေးလုပ်ကွက် ခွင်သို့ ရောက်ရှိလာရာ မိုးကုတ်တပ်နယ်မှ ဗိုလ်မှူးကြီးဝင်းဇော်နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ရှင်းလင်းဆောင်၌ ကျောက်မျက်တူးဖော်ရေးလုပ်ငန်း အဆင့်ဆင့်ကို ရှင်းလင်းပြောကြားကာ လက်တွေ့လုပ်ငန်း တူးဖော်လုပ်ကိုင်နေမှုများကို လိုက်လံပြသ သည်။

လိုက်လံပြသ

ထို့နောက် ပတ္တမြားနဂါးကျောက်မျက် တူးဖော်ရေးလုပ်ငန်းခွင် ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက ကမ္ဘာ့အကြီးဆုံး မြန်မာ့ ပတ္တမြားတွေ့ရှိဖော်ထုတ်ခဲ့မှု၊ ယင်းဒေသရှိ တွင်းထွက်များ ထွက်ရှိမှုအခြေအနေနှင့် ရှာဖွေထုတ်လုပ်မှုများနှင့် စပ်လျဉ်းသည် များကို ရှင်းလင်း ပြောကြားကြသည်။ ယင်းနောက် သံတမန်များ၏ မေးမြန်းချက် များကို ဖြေကြားကာ ရှင်းလင်းဆောင်၌ ပြသထားသော မိုးကုတ်ဒေသထွက် တွင်းထွက်ရတနာအမျိုးမျိုးကို လိုက်လံပြသသည်။

ထိုမှတစ်ဆင့် ဒေသထွက် ကျောက်မျက်ရတနာနှင့် အမှတ်တရ လက်ဆောင်ပစ္စည်းအရောင်းဆိုင်သို့ သွားရောက်၍ ကျောက်မျက်ရတနာနှင့် အမှတ်တရ လက်ဆောင်များ ဝယ်ယူကြသည်။

ဂုဏ်ပြုလက်ဆောင်ပေး

ညပိုင်းတွင် ဝန်ကြီး ဦးဆောင်သော သံတမန်များအား မိုးကုတ်တပ်နယ်မှ ဗိုလ်မှူးကြီးဝင်းဇော်နှင့် ဒေသအာဏာပိုင် များက ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်း ဧည့်ခံပြီး တေးဂီတများဖြင့် ဖျော်ဖြေခဲ့ရာ သံတမန်အဖွဲ့နာယက စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ဝန်ကြီးနှင့် စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီးတို့က ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြု လက်ဆောင် ပေးအပ်ကြသည်။

နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးနှင့် ဇနီး ဦးဆောင်သော သံတမန်အဖွဲ့သည် ဖေဖော်ဝါရီ ၂၂ရက်တွင် မန္တလေးမြို့သို့ ပြန်လည်ထွက်ခွာခဲ့ပြီး ရွှေချည်ထိုးနှင့် ငွေထည် ပစ္စည်းအရောင်းဆိုင်များသို့ သွားရောက်ကာ အမှတ်တရလက်ဆောင် ပစ္စည်းများ ဝယ်ယူခဲ့ကြကာ မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီးအား လှည့်လည် ကြည်ညိုကြသည်။

ညနေပိုင်းတွင် ပြင်ဦးလွင်မြို့သို့ သွားရောက်၍ မကြာမီဖွင့်လှစ်တော့မည့် ခတ်တော်ချိုင့် Water Fall Resort အပန်းဖြေစခန်းကို ကြည့်ရှုလေ့လာကြရာ ပြင်ဦးလွင် တပ်နယ်မှ ဗိုလ်မှူးချုပ် ဇေယျာအောင်နှင့် တာဝန်ရှိသူများက ကြိုဆို နှုတ်ဆက်ကြပြီး အပန်းဖြေစခန်းပိုင်ရှင် ဦးစိုးမြင့်(FMI)က အပန်းဖြေစခန်းနှင့် ပတ်သက်၍ လိုက်လံရှင်းလင်းပြသသည်။

နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော သံတမန်အဖွဲ့သည် ဖေဖော်ဝါရီ ၂၃ရက်တွင် ပြင်ဦးလွင်မြို့ရှိ စစ်တက္ကသိုလ်နှင့် တပ်မတော်နည်းပညာ တက္ကသိုလ်တို့သို့ သွားရောက် လေ့လာကြသည်။

ဆက်လက်၍ ပြင်ဦးလွင်မြို့ ကန်တော်ကြီး အမျိုးသားဥယျာဉ်သို့ သွားရောက်လေ့လာကြပြီး ပြင်ဦးလွင်ဈေး ဒေသထွက် အမှတ်တရ ပစ္စည်းအရောင်း ဆိုင်များသို့ လှည့်လည်ကြည့်ရှုခဲ့ကြသည်။

တည်ခင်းဧည့်ခံ

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့်ဇနီး ဦးဆောင်သော သံတမန်များ၊ ပြင်ဦးလွင်တပ်နယ်မှ ဗိုလ်မှူးချုပ်ဇေယျာ အောင်နှင့် ဒေသအာဏာပိုင်များက နေ့လယ် စာဖြင့် တည်ခင်းဧည့်ခံသည်။

နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးနှင့် ဇနီး ဦးဆောင်သော လေ့လာရေးအဖွဲ့သည် မန္တလေးမြို့မှတစ်ဆင့် ပြန်လည်ထွက်ခွာ လာခဲ့ကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

မှတ်တမ်းတင်ဓာတ်ပုံရိုက်

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့်ဇနီးတို့ ဦးဆောင်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံတမန်များ လေ့လာရေးအဖွဲ့ ပြင်ဦးလွင်မြို့ ကန်တော်ကြီး အမျိုးသားဥယျာဉ်တွင် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။
(သတင်းစဉ်)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ဒုတိယဗိုလ်မှူးကြီးကျော်မြင့်(ငြိမ်း)သည် ကစားဖော်များဖြစ်သော ဦးမောင်မောင်၊ ဦးမြင့်သူတို့နှင့်အတူ ဖေဖော်ဝါရီ ၁၉ရက် နံနက်ပိုင်းက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်း၌ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၁၂)၌ ၁၃၇ကိုက်အကွာမှ Titleist (2) ဘောလုံးကို Iron Callaways No.6 တုတ်ဖြင့်ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၂-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ် ဇောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **တရားဆွေမျိုး လူ့တန်ခိုး** တရားတော် (ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ)
- ၆:၅၅ နိဗ္ဗာန်သို့ ရည်မျှော် ပန်းစေတီနဲ့ပူဇော်
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ မြင်းခြံမြို့ ဆန္ဒတော်ပြည့်စေတီ ဒယ်အိုး ၁၀၀ ထမနဲထိုးပွဲ
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၃၄)
- ၈:၃၀ Sports World (Max Power)
- ၈:၄၅ သမိုင်းထဲက မင်းကွန်း လင်းလွန်းသည့် သာသနာ
- ၉:၀၀ နတ်လူသာစုခေါ်စေသော် (သံဃာ့ဂုဏ်ရည်ကျောင်း အလှူတော်)
- ၉:၁၀ စိုက်ပျိုးအောင်မြင် စပ်ခရမ်းချဉ်
- ၉:၂၀ ရေးမူမပျက် ထိန်းသိမ်းဖို့ရာ မြန်မာရွှေချည်ထိုးပညာ
- ၉:၃၅ Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၁၀:၂၅ အထက(၂)စမ်းချောင်း ပြည်ထောင်စုနေ့အကြို ပဒေသာကပွဲ အမှတ်တရ
- ၁၀:၄၀ အပေးအယူ~ ချစ်ကြည်ဖြူ **ခြင်း** မူစာဂ~ မျှစိတ္တ
- ၁၁:၁၀ အံ့ဖွယ်ထူးခြား မာရ်အောင်မြင် ပြည်တော်ပြန်ဘုရား (ဇလွန်မြို့)
- ၁၁:၁၅ **အသက်ကလေးရယ်တဲ့ရှည်စေလို** ဦးအောင်လွင်၊ ဦးကြည်စိုး၊ ငှက်ပျောကြော်၊ ထင်ပေါ်၊ မေထွဋ်ခေါင်၊ မျိုးမျိုးခိုင် (ဒါရိုက်တာ-ကြည်စိုး)
- ၁၁:၃၅ စိုက်ပျိုးအောင်မြင် စပ်ခရမ်းချဉ်
- ၁၁:၅၀ Vancouver 2010 Olympic Winter Games
- ၁၂:၄၅ ရှင်တော်မဟာမုနိ ဘဂဝါပူဇေမိ
- ၁:၀၀ **တရားဆွေမျိုး လူ့တန်ခိုး** တရားတော် (ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ Fashion Music Festival လန်းတဲ့ကမ်းခြေ
- ၃:၂၀ နတ်လူသာစုခေါ်စေသော် (သံဃာ့ဂုဏ်ရည်ကျောင်း အလှူတော်)
- ၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၃၄)
- ၄:၁၀ သမိုင်းထဲက မင်းကွန်း လင်းလွန်းသည့် သာသနာ
- ၄:၃၀ အထက(၂)စမ်းချောင်း ပြည်ထောင်စုနေ့ အကြိုပဒေသာကပွဲ အမှတ်တရ
- ၄:၅၀ တွေ့ဆုံကြည်နူးမှုများမှသည်···· ဂါရဝဆီသို့
- ၅:၁၅ လေလှိုင်းမှဖြေကြား ပရိသတ်များ အမေးစကား
- ၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ သွားမယ် စားမယ် (အောင်သုခ မြန်မာထမင်းဆိုင်)
- ၆:၄၅ Shooting Making (**လွှမ်းစိတ်** ရိုက်ကွင်း)
- ၇:၀၀ Fashion Music Festival လန်းတဲ့ကမ်းခြေ
- ၇:၃၅ ပန်းချီပြခန်း (ဆရာလှဘုန်းအောင် First Solo Show)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ မြင်းခြံမြို့ ဆန္ဒတော်ပြည့်စေတီ ဒယ်အိုး ၁၀၀ ထမနဲထိုးပွဲ
- ၈:၅၅ သွားမယ် စားမယ် (အောင်သုခ မြန်မာထမင်းဆိုင်)
- ၉:၂၅ Barclays Premier League Birmingham Vs Wigan
- ၁၁:၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၃၄)
- ၁၁:၅၅ Barclays Premier League Stoke City Vs Arsenal
- ၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်			ပြသမည့်လိုင်း
၇:၀၀	Chelsea	-	Man City	ESPN(Live)
၉:၂၅	Bolton	-	Wolverhampton	ESPN(Live)
	Birmingham	-	Wigan	Star Sports (Live)
၁၁:၅၅	Stoke City	-	Arsenal	Star Sports (Live)

ပေါင်မြို့၌ ပြည်ထောင်စုနေ့ဂုဏ်ပြု ကတ္တရာထပ်ပိုးလွှာ လမ်းသစ်ဖွင့်

ပေါင် ဖေဖော်ဝါရီ ၂၆

မွန်ပြည်နယ် ပေါင်မြို့နယ်တွင် (၆၃) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြု သောအားဖြင့် မွန်ပြည်နယ် ပေါင်မြို့ ကဒါ ရပ်ကွက် မဂ္ဂင်လမ်း ကတ္တရာထပ်ပိုးလွှာ လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက် နံနက် ၇နာရီက အဆိုပါ လမ်းသစ် မုခ်ဦး၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အဆိုပါ အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးမြတ်အောင်ဌေးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးကျော်လှတို့က ဖဲကြိုးဖြတ် ဖွင့်လှစ် ပေးခဲ့ကြသည်။

(မြို့နယ် ပြန်/ဆက်)

ရှေ့နေချုပ်ရုံးနှင့် ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်း၊ မဝင်းမမ(ခ) အငယ်လေးတို့က ရန်ကုန်တိုင်း တရားရုံး၏စီရင်ချက်၊ အမိန့်နှင့် စီရင်ချက်ပါ သုံးသပ်ချက်များအပေါ် မကျေနပ်သဖြင့် တရားရုံးချုပ်(ရန်ကုန်)၌ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုများတင်သွင်း တရားရုံးချုပ်က နှစ်ဘက်အပြီးသတ်လျှောက်လဲချက်များကို ကြားနာပြီး မူလအတိုင်း ဆက်လက်အတည်ပြု၍ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုများကို ပလပ်လိုက်ကြောင်း အမိန့်ချမှတ်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်း၊ မဝင်းမမ(ခ) အငယ်လေးတို့က ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄၇/၂၀၀၉တွင် ချမှတ်သည့် စီရင်ချက်နှင့် အမိန့်ကို အတည်ပြုခဲ့သည့် ရန်ကုန်တိုင်းတရားရုံး ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၁၇၃/၂၀၀၉နှင့် ၁၇၄/၂၀၀၉အမှုများ၏ စီရင်ချက်နှင့် အမိန့်များအပေါ် မကျေနပ်သဖြင့် ဒေါ်အောင်ဆန်းစုကြည်က ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၆၀၀(ခ)/၂၀၀၉ကိုလည်းကောင်း၊ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမ(ခ) အငယ်လေးတို့က ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၆၀၁(ခ)/၂၀၀၉ကိုလည်းကောင်း တရားရုံးချုပ်(ရန်ကုန်)၌ အသီးသီးတင်သွင်းခဲ့ကြသည်။

တင်သွင်းခဲ့

ရှေ့နေချုပ်ရုံးကလည်း ရန်ကုန်တိုင်းတရားရုံး ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၁၇၃/၂၀၀၉နှင့် ၁၇၄/၂၀၀၉ အမှုများ၏ စီရင်ချက်ပါ သုံးသပ်ချက်များအပေါ် မကျေနပ်သဖြင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၃၅အရ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၆၁၉(ခ)/၂၀၀၉ကို တရားရုံးချုပ်(ရန်ကုန်)၌ တင်သွင်းခဲ့သည်။

တရားရုံးချုပ်က ရှေ့နေချုပ်ရုံးမှ တင်သွင်းသည့် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၆၁၉(ခ)/၂၀၀၉နှင့် ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်း၊ မဝင်းမမ(ခ) အငယ်လေးတို့ တင်သွင်းသည့် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၆၀၀(ခ)/၂၀၀၉နှင့် ၆၀၁(ခ)/၂၀၀၉တို့၌ နှစ်ဘက်အကျိုးဆောင်ရှေ့နေများ၏ အပြီးသတ် လျှောက်လဲချက်များကို ဇန်နဝါရီ ၁၈ရက်တွင် ကြားနာခဲ့ပြီး၊ ယနေ့ ဖေဖော်ဝါရီ ၂၆ရက်တွင် ရန်ကုန်တိုင်း တရားရုံး၏ စီရင်ချက်နှင့် အမိန့်များကို ဆက်လက်အတည်ပြု၍ အဆိုပါပြစ်မှုဆိုင်ရာ ပြင်ဆင်မှုများကို ပလပ်လိုက်ကြောင်း အမိန့်ချမှတ်သည်။

အဆိုပါ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုများ အမိန့်ချမှတ်ရာသို့ ရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဒေါ်ခင်ချိုအုန်းနှင့် ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်း၊ မဝင်းမမ(ခ) အငယ်လေးတို့၏ ရှေ့နေများဖြစ်ကြသော တရားရုံးချုပ်ရှေ့နေ ဦးကြည်ဝင်း၊ ဦးဉာဏ်ဝင်း၊ ဒေါ်ခင်ဌေးကြွယ်နှင့် ဦးလှမျိုးမြင့်၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ လာရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၃၂ လမ်း၊ အမှတ် ၁၁၅နေ
ဦးဝင်းမြင့်-ဒေါ်အေးအေးသန်း(ဝေဝေ ပုံနှိပ်လုပ်ငန်း)
တို့၏သားကြီး

မောင်ချမ်းမြေ့ကျော် B.A(Eco)
(ဝေဝေ အော့ဖ်ဆက်)

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၆၄ လမ်း၊ အမှတ် ၂၂နေ
ဦးမောင်ဝင်း-ဒေါ်မြသန်း(အထက-၅၊ ဗိုလ်တထောင်)
တို့၏သမီးငယ်

မဇင်ဇာဇာဝင်း B.A(Eco)
CAT(UK), ACCA(Part III)

တို့သည် ၂၄-၂-၂၀၁၀ရက်(ဗုဒ္ဓဟူးနေ့)တွင် နှစ်ဖက်သောမိဘများ၏သဘောတူညီချက်ဖြင့် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်မိဘများနှင့်
မောင်ချမ်းမြေ့ကျော်-မဇင်ဇာဇာဝင်း။

အခြေခံ ယာဉ်မောင်းသင်တန်း ဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး အင်ဂျင်နီယာဌာနရှိ မော်တော်ယာဉ်အလုပ်ရုံ အမှတ်(၃) စက်စခန်းတွင် ပုံမှန်အခြေခံ ယာဉ်မောင်းသင်တန်းကို မတ် ၃ရက်တွင်လည်းကောင်း၊ စနေ၊ တနင်္ဂနွေရုံးပိတ်ရက်သင်တန်းများကို မတ် ၆ရက်တွင်လည်းကောင်း စတင်ဖွင့်လှစ်မည်ဖြစ်ရာ ဖုန်း-၂၉၀၃၁၂ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ရထားပို့ဆောင်ရေး)

လက်မှတ်ချီးမြှင့်

မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၁၄) အခြေခံပညာမူလတန်းကျောင်း ၂၀၀၉-၂၀၁၀ပညာသင်နှစ် မူလတန်းဆင့် ပညာသင်ယူပြီးမြောက်ခြင်း လက်မှတ်ချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁၈ရက်က ကျင်းပရာ စတုတ္ထတန်း (G)မှ မသဒ္ဒါနီသန်းအား ကျောင်းအုပ်ဆရာကြီး ဦးအောင်မင်းက လက်မှတ်ချီးမြှင့်ပေးအပ်စဉ်။ (ပညာရေး)

ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်) မြတ်ဆရာကန်တော့ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ကျိုက်လတ်မြို့ အမျိုးသားကျောင်းအုပ်ဆရာကြီး ဦးချစ်ဖေနှင့် ဦးဘမူတို့အားရည်စူး၍ အလှူဒါနပြုခြင်း၊ ကျိုက်လတ်မြို့တွင် နှစ်စဉ်ဆရာကန်တော့ပွဲအတွက် ငွေပဒေသာပင် စိုက်ထူရာတွင် အလှူငွေထည့်ဝင်ခြင်း၊ အထက(၁)နှင့် အထက(၂) (ယခင် အမျိုးသားကျောင်းနှင့် အလက အပါအဝင်)တို့တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး အသက် (၇၅)နှစ် ပြည့်ပြီးသူ ဆရာကြီး ဆရာမကြီးများအား ကန်တော့ခြင်းတို့ကို မတ် ၁၄ရက် နံနက် ၁၀နာရီခွဲတွင် အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန (IBC)တွင် ကျင်းပမည်ဖြစ်သည်။ ကန်တော့ခံ ဆရာကြီး ဆရာမကြီးတို့နှင့် အလှူငွေထည့်ဝင်လိုသူများသည် ဦးမောင်ညိမ်း ဖုန်း-၆၆၇၁၃၃၊ ဦးသိန်းလွင် ဖုန်း-၂၅၁၂၇၅၊ ဦးကျော်မြင့် ဖုန်း-၂၆၈၂၀၁၊ ဦးကျော်ရင် ဖုန်း-၅၆၀၅၂၀၊ ဦးတင်စော ဖုန်း-၀၉-၅၁-၈၄၇၈၅၊ ဦးအောင်ဆန်း ဖုန်း-၅၅၃၄၃၅၊ ဒေါ်မြရီ ဖုန်း-၀၄၅-၄၈၁၄၁၊ ဒေါ်မြင့်မြင့်သိန်း ဖုန်း-၀၄၅-၄၈၄၈၂နှင့် ဒေါ်တင်သန်း ဖုန်း-၀၄၅-၄၈၂၄၈တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ် မော်လိုက်မြို့နယ် သာနန်းတောကျေးရွာတွင် ဖွင့်လှစ်

မော်လိုက် ဖေဖော်ဝါရီ ၂၆

စစ်ကိုင်းတိုင်း မော်လိုက်ခရိုင် မော်လိုက်မြို့နယ် နန်းသီကျေးရွာအုပ်စု သာနန်းတောကျေးရွာ မျိုးဆက်သစ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၅ရက် နံနက် ၁၀နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးစောဘနိုင်၊ မော်လိုက်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရီရီရှိန်၊ နန်းသီကျေးရွာအုပ်စု သာနန်းတောကျေးရွာ အဖွဲ့ဝင် ဦးပေါ်ဒွေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

လှူဒါန်း

အဆိုပါ အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးစောဘနိုင်က အဖွင့်အမှာစကားပြောကြားပြီး မော်လိုက်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရီရီရှိန်က ကျေးရွာပြည်သူများ အသိတရားနှင့်ယှဉ် သတိတရားနှင့် ပေါင်းစပ်ဆင်ခြင်နိုင်ရေး ဆွေးနွေးဟောပြောသည်။ ထို့နောက် မြို့နယ်ဦးစီးမှူး ဦးညွန့်ဝေနှင့် မြို့နယ် မြေစာရင်း ဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးကျော်ဆင့်တို့က စာအုပ်စာစောင်များနှင့် ဂျာနယ်များ လှူဒါန်းကြသည်။

ကုန်ကျငွေ

ယင်းနောက် ကောင်းအင်ကျေးရွာနှင့် သာနန်းတောကျေးရွာမှ အလှူရှင်များက စာအုပ်၊ စာစောင်၊ ပရိဘောဂနှင့် အလှူငွေ ကျပ်သုံးသိန်းကျော်ကို လှူဒါန်းကြသည်။ အဆိုပါ စာကြည့်တိုက် အဆောက်အအုံ တည်ဆောက်မှုအတွက် ကုန်ကျငွေ တန်ဖိုး စုစုပေါင်းမှာ ငွေကျပ် ၁၁သိန်း နှစ်သောင်း ဖြစ်သည်။

(ခရိုင် ပြန်/ဆက်)

သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်သည့် ခရိုင်ပျိုးဥယျာဉ်အတွင်း အရိပ်ရပန်းအလှပင်များ ပြုစုပျိုးထောင်ထားရှိမှုအခြေအနေကို ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့်အဖွဲ့ ဇန်နဝါရီ၁၇ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်အောင်ဖြိုးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဝင်းဇော်ဦးတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)



ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာသတိပေးနှိုးဆော်ချက်

နေပြည်တော် ဖေဖော်ဝါရီ ၂၆

၁။ **ကမ္ဘာတစ်ဝန်းကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု**

(က) **တိရစ္ဆာန်တွင် ကြက်ငှက်တုပ်ကွေးရောဂါကူးစက်ဖြစ်ပွားမှု**

၂၀၀၃ခုနှစ်မှ ၂၀၁၀ခုနှစ် ဇန်နဝါရီအထိ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားသော နိုင်ငံပေါင်း ၆၁နိုင်ငံရှိပြီး ၂၀၁၀ခုနှစ် ဇန်နဝါရီအတွင်း မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံ အချို့အပါအဝင် နိုင်ငံခုနစ်နိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုရှိကြောင်း သိရှိရသည်။

(ခ) **လူသို့ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှု**

၂၀၀၃ခုနှစ်မှ ၂၀၁၀ခုနှစ် ဇန်နဝါရီလအထိ နိုင်ငံ ၁၅နိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ (H5N1)လူသို့ကူးစက်မှု ၄၇၁ဦးရှိပြီး ၂၈၂ဦး သေဆုံးကြောင်း သိရှိရသည်။

၂။ **မြန်မာနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု**

မြန်မာနိုင်ငံတွင် ၂၀၀၆ခုနှစ်မှ ၂၀၀၈ခုနှစ်အတွင်း ကြက်ငှက်တုပ်ကွေး ရောဂါ သုံးကြိမ်ဖြစ်ပွားခဲ့ပါသည်။ ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလဆန်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ ဥစားကြက် မွေးမြူရေးခြံတစ်ခြံ၌ ဖြစ်ပွားသဖြင့် ရောဂါထိန်းချုပ်ရေး နည်းလမ်းများနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

၃။ **ရောဂါကာကွယ်ထိန်းချုပ်ရေး**

အောက်ပါအချက်များကို လိုက်နာ၊ ပူးပေါင်းဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်-

(က) ကြက်ငှက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အလေးထား ဆောင်ရွက်ရန်၊
(ခ) မွေးမြူရေးခြံလုပ်သားများ လက်အိတ်၊ နှာခေါင်းစည်း ဝတ်ဆင်ရန်နှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး ဂရုပြုဆောင်ရွက်ရန်၊
(ဂ) ကြက်ငှက်အသေများကို စားသုံးခြင်း၊ ရောင်းချခြင်း၊ စည်းကမ်းမဲ့ လွှင့်ပစ်ခြင်းမပြုဘဲ စနစ်တကျ မြေမြှုပ်ဖျက်ဆီးရန်၊
(ဃ) ကြက်ငှက်များ သံသယဖြစ်ဖွယ် သေဆုံးကြောင်း သိရှိပါက နီးစပ်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့သို့ ချက်ချင်းသတင်းပို့ရန်၊
(င) ကြက်ငှက် အသား၊ ဥတို့ကို ကျက်အောင် ချက်ပြုတ်စားသုံးရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန။

ကျေးရွာဆိုင်းဘုတ် ဖွင့်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ဂန့်ဂေါမြို့နယ် ပျားကျေးရွာဆိုင်းဘုတ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပရာ ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညွှန့်ဆောင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမြင့်ဇော်ထွန်းတို့က ကျေးရွာဆိုင်းဘုတ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြို့မကျောင်းသား ကျောင်းသူဟောင်းအသင်း အခြေခံကြက်တောင်ရိုက်နည်း သင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

မြို့မကျောင်းသား ကျောင်းသူဟောင်းအသင်းက ဦးစီး၍ အခြေခံကြက်တောင်ရိုက်နည်း သင်တန်းကို မတ် ၃ရက် (ဗုဒ္ဓဟူးနေ့)တွင် သင်တန်းစမည်ဖြစ်ပြီး နေ့စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ အမှတ် ၆၈ စကားဝါလမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့တွင် သင်တန်းဖွင့်လှစ်မည်ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

သင်တန်း တက်ရောက်လိုသူများ မြတ်မွန်ရတနာခန်းမ မြို့မကျောင်းသား ကျောင်းသူ ဟောင်းအသင်းတိုက် သင်တန်းမှူး ဦးစိုးမြင့် ဖုန်း-၀၁-၂၅၀၁၅၃တို့သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ပြည်ထောင်စုနေ့ မြိတ်မြို့၌ ဟောပြောပွဲကျင်းပ

မြိတ် ဖေဖော်ဝါရီ ၂၆

တနင်္သာရီတိုင်း ပညာရေးဌာနနှင့် မြိတ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့ ပူးပေါင်းမှုဖြင့် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဟောပြောပွဲကို ဖေဖော်ဝါရီ ၄ရက် နံနက် ၉နာရီက အထက(၁) ပညာ့ဗိမာန်ခန်းမ၌ ကျင်းပသည်။

ဟောပြော

ရှေးဦးစွာ တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ဝေက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နီနီချိုက ပြည်ထောင်စုနေ့နှင့် ပြည်ထောင်စုစိတ်ဓာတ် **(အပေါ်ပုံ)** ခေါင်းစဉ်ဖြင့် ဟောပြောသည်။

ဆုများပေးအပ်

ထို့နောက် ဉာဏ်စမ်းပြိုင်ပွဲများ ဆက်လက်ကျင်းပရာ ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများပေးအပ်ကြသည်။ ဆက်လက်၍ သက်ဆိုင်ရာကျောင်းအုပ်ဆရာကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အလားတူ (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဟောပြောပွဲများကို အလက(၁)နှင့် အလက (၃)ကျောင်းများ၌ ကျင်းပခဲ့သည်။

(ခရိုင် ပြန်/ ဆက်)

ငပုတောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဈေးသူ ဈေးသားများ၊ တောင်ပိုင်း/မြောက်ပိုင်း အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့များနှင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်းသရုပ်ပြ လေ့ကျင့်မှုကို မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်သူ၊ အမှုဆောင်အရာရှိ ဦးတိုးမြင့်အောင်နှင့် တာဝန်ရှိသူများ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ပြည်ထောင်စုဖွားသွေးချင်းများ တားဆီးကာကွယ် မီးရန်စွယ်

မြန်မာနိုင်ငံဆရာဝန်အသင်း သင်တန်းပို့ချမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

မြန်မာနိုင်ငံဆရာဝန်အသင်း စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးယူနစ် (CME) မှ အထွေထွေရောဂါကု ဆရာဝန်များအတွက် Public Health, Family Medicine and Research သင်တန်းကို မတ် ၂၀ရက်မှ ဧပြီ ၁၃ရက်အထိ (စနေ၊ တနင်္ဂနွေနေ့) များတွင် မွန်းတည့် ၁၂နာရီမှ ညနေ၃နာရီအထိ သင်တန်းပို့ချမည်ဖြစ်သည်။ သင်တန်းတွင် ပါဝင်ကူညီကြမည့် ဆေးကုမ္ပဏီများကို တွေ့ဆုံဆွေးနွေးလိုပါသဖြင့် မတ် ၄ရက် မွန်းလွဲ ၁နာရီတွင် မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမဆောင်(အေ)သို့ တက်ရောက်ကြပါရန်နှင့် သင်တန်းတက်ရောက်လိုသော ဆရာဝန်များသည် မတ် ၁၆ရက်မှ ၁၇ရက်အတွင်း နံနက် ၁၀နာရီမှ မွန်းလွဲ ၂နာရီအထိ တက်ရောက်မည့်သူကိုယ်တိုင် လိုင်စင်ဓာတ်ပုံ သုံးပုံဖြင့် စာရင်းသွင်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၁၀ခုနှစ် ဖေဖော်ဝါရီလအတွက် နောက်ဆုံးပတ် **(တနင်္ဂနွေနေ့)**
(၂၈-၂-၂၀၁၀) ရက်နေ့
၂၀၁၀ ခုနှစ် မတ်လအတွက်
(၁၄-၃-၂၀၁၀) ရက်နေ့ နှင့် **(၂၈-၃-၂၀၁၀) ရက်နေ့**

ဒိန်းမတ်ဘုရင့်နိုင်ငံ

နိုင်ငံတကာသတင်းအက်ဆေး

တိုး-ရေးသားသည်

ဒိန်းမတ်ဘုရင့်နိုင်ငံသည် မြောက်ဥရောပဒေသတွင် တည်ရှိသည်။ ဤနိုင်ငံသည် အရွယ်အစားအားဖြင့် သေးငယ်သော်လည်း မကြာခဏဆိုသလို အင်အားကြီးနိုင်ငံများနှင့် အကဲစမ်းရသည်။

ပင်လယ်ဓားပြများက ဒိန်းမတ်နှင့်တကွ အခြားသော နော်ဒစ်နိုင်ငံများကို ဝင်မွှေမှုကြောင့် ၉ ရာစု၊ ၁၀ ရာစု ဥရောပသမိုင်းကို လမ်းကြောင်းပြောင်းခဲ့ရသည်။ အလယ်ခေတ် ဒိန်းမတ်နိုင်ငံ၏ ဦးဆောင်မှုအောက်တွင် စကင်ဒီနေးဗီးယားနိုင်ငံအားလုံး တစုတလုံးတည်းရှိခဲ့သည်။

ထင်ရှားကျော်ကြား

မကြာမီကာလများအတွင်းတွင် ဒိန်းမတ်ဘုရင့်နိုင်ငံသည် ဥရောပသမဂ္ဂ(အီးယူ)နှင့် ဆက်ဆံရေးမကြာခဏ အဖုအထစ်များ ကြုံရသည်။ တစ်ချိန်တည်းမှာပင် ခေတ်မီ စီးပွားရေးနှင့် ကြီးမားသော လူမှုဖူလုံရေးစနစ်တို့ကြောင့် ဤနိုင်ငံမှာ လူသိထင်ရှား ကျော်ကြားလာသည်။

၁၀ ရာစုနှစ် ဒိန်းမတ်ဘုရင့်နိုင်ငံသည် စုစည်းခိုင်မာခဲ့သည်။ ခရစ်ယာန်ဘာသာကို သွတ်သွင်းလက်ခံသည်။ ၁၃၉၇ ခုနှစ်တွင် ဒိန်းမတ်၊ ဆွီဒင်နှင့် နော်ဝေနိုင်ငံတို့မှာ ဒိန်းမတ်ဘုရင်လက်အောက်တွင် စုစုစည်းစည်းရှိသည်။ ၁၇၂၉ ခုနှစ်တွင် ဂရင်းလန်သည် ဒိန်းမတ်ပြည်နယ်ဖြစ်လာသည်။

အသိအမှတ်ပြု

၁၈၄၉ခုနှစ်တွင် ဒိန်းမတ်သည် စည်းမျဉ်းခံဘုရင်စနစ်ကျင့်သုံးပြီး အထက်နှင့် အောက် လွှတ်တော်နှစ်ရပ်ရှိသည်။ ၁၉၁၄-၁၉၁၈ ခုနှစ်တွင် ပထမကမ္ဘာစစ်ကြီး ဖြစ်သောအခါ ဒိန်းမတ်နိုင်ငံက ကြားနေသည်။ ၁၉၃၉ ခုနှစ်တွင် ဒိန်းမတ်နိုင်ငံက နာဇီဂျာမနီနှင့် ၁၀နှစ်ကြာ မကျူးကျော်ရေးစာချုပ်ကို လက်မှတ်ရေးထိုးသည်။ ၁၉၄၀ ခုနှစ်တွင် နာဇီတို့ ဒိန်းမတ်ကိုကျူးကျော်သော်လည်း ၁၉၄၅ ခုနှစ်တွင် ဂျာမနီ နာဇီတို့ လက်နက်ချသောအခါ ကျူးကျော်သိမ်းပိုက်မှုလည်း ပြီးဆုံးသွားသည်။ ထိုနှစ်တွင် အိုက်စလန်၏ လွတ်လပ်ရေးကို ဒိန်းမတ်က အသိအမှတ်ပြုသည်။

၁၉၄၉ခုနှစ်တွင် ဤနိုင်ငံသည် မြောက်အတ္တလန္တိတ်စစ်စာချုပ်အဖွဲ့(နေတိုး)၌ အဖွဲ့ဝင်ဖြစ်လာသည်။ ၁၉၅၂ခုနှစ်တွင် ဤနိုင်ငံသည် နော်ဒစ်ကောင်စီ၏ မူလအဖွဲ့ဝင် ဖြစ်လာသည်။ ၁၉၅၃ခုနှစ်တွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြုပြင်ကာ အထက်နှင့်အောက် လွှတ်တော်နှစ်ရပ်မထားတော့ဘဲ တစ်ခုတည်းသော ပါလီမန်ကို သာထားရှိသည်။ ၁၉၅၉ခုနှစ်တွင် ဒိန်းမတ်သည် ဥရောပလွတ်လပ်စွာ ကုန်သွယ်ရေး အဖွဲ့သို့ဝင်သည်။

၁၉၇၂ခုနှစ်တွင် ဒိန်းမတ်ဘုရင် ဖရက်ဒရစ် ကွယ်လွန်သဖြင့် သမီးတော် ဒုတိယမြောက် မာဂရက် ထီးနန်းဆက်ခံသည်။ ၁၉၇၃ခုနှစ်တွင် ဤနိုင်ငံသည် အီးအီးစီသို့ဝင်သည်။

ထောက်ခံကြ

၂၀၀၁ခုနှစ် နိုဝင်ဘာလရွေးကောက်ပွဲတွင် ဝန်ကြီးချုပ်ဖော့ရပ်မတ်ဆင်ဦးဆောင်သည့် လက်ယာညွန့်ပေါင်းအစိုးရ အာဏာရသည်။ လစ်ဘရယ်ပါတီခေါင်းဆောင် ဖော့ရပ်မတ်ဆင်သည် ၂၀၀၅ခုနှစ် ဖေဖော်ဝါရီနှင့်၂၀၀၇ခုနှစ် နိုဝင်ဘာ ရွေးကောက်ပွဲများတွင်လည်း ဆက်တိုက်အနိုင်ရခဲ့သည်။ စီးပွားရေး ခိုင်မာတောင့်တင်းအောင် အစိုးရက စွမ်းဆောင်ပေးနိုင်မှု၊ စက်မှုထွန်းကားသည့် နိုင်ငံအများအပြားကပင် အားကျ အတုယူစရာ ကောင်းလောက်အောင် အလုပ်လက်မဲ့ဦးရေ လျော့ကျနည်းပါးခြင်းတို့ကြောင့် လစ်ဘရယ်ပါတီကို ဒိန်းမတ်ပြည်သူတို့က ထောက်ခံကြခြင်းဖြစ်သည်။

ဝန်ကြီးချုပ် ဖော့ရပ်မတ်ဆင်အား မြောက်အတ္တလန္တိတ်စစ်စာချုပ်အဖွဲ့(နေတိုး) အတွင်းရေးမှူးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံရသဖြင့် လစ်ဘရယ်ပါတီမှ နုတ်ထွက်လိုက်သည်။ ၂၀၀၉ ခုနှစ် ဧပြီလတွင် ဘဏ္ဍာရေးဝန်ကြီး လော့ကီမတ်ဆင်ဝန်ကြီးချုပ်တာဝန်ဖြင့် လစ်ဘရယ်ပါတီ ယာယီခေါင်းဆောင်အဖြစ်ပါ တွဲဖက်လွှဲယူလိုက်သည်။

၂၀၀၉ ခုနှစ် ဒီဇင်ဘာလတွင် ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့၌ ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေး ထိပ်သီးညီလာခံကျင်းပသည်။ ဒိန်းမတ်ဘုရင့်နိုင်ငံ၏ရုပ်ရှင်လုပ်ငန်းမှာ တိုးတက်လာသည်။ ရုပ်ရှင်လုပ်ငန်းတွင် ၁၉၉၀ခုလွန်နှစ်များမှ ယနေ့ကာလအထိ အံ့မခန်းတိုးတက်လာခြင်းကို နိုင်ငံတကာက အသိအမှတ်ပြုလာရသည်။ ။

ကိုးကား-အင်တာနက်

၁၉၄၉ခုနှစ်တွင် ဤနိုင်ငံသည် မြောက်အတ္တလန္တိတ်စစ်စာချုပ်အဖွဲ့(နေတိုး)၌ အဖွဲ့ဝင် ဖြစ်လာ၊ ၁၉၅၂ခုနှစ်တွင် ဤနိုင်ငံသည် နော်ဒစ်ကောင်စီ၏ မူလအဖွဲ့ဝင် ဖြစ်လာ၊ ၁၉၅၃ခုနှစ်တွင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြုပြင်ကာ အထက်နှင့်အောက် လွှတ်တော်နှစ်ရပ် မထားတော့ဘဲ တစ်ခုတည်းသော ပါလီမန်ကိုသာ ထားရှိ၊ ၁၉၅၉ခုနှစ်တွင် ဒိန်းမတ်သည် ဥရောပလွတ်လပ်စွာ ကုန်သွယ်ရေးအဖွဲ့သို့ဝင်။

ဘဝအမောပြေ

အသက်ရှည်ရခြင်း....

အသက်(၁၀၄)နှစ်ရှိပြီဖြစ်သော အဘွားအိုထံသို့ သတင်းထောက်တစ်ဦး ရောက်ရှိလာပြီး အသက်ရှည်ရခြင်းနှင့်ပတ်သက်ပြီး မေးမြန်းစေ့ငုလေသည်-

သတင်းထောက် ။ ။ အဘွားခင်ဗျား၊ မေးခွန်းနည်းနည်း မေးခွင့်ပြုပါခင်ဗျာ။

အဘွားအို ။ ။ ....

သတင်းထောက် ။ ။ အခုလို အသက်ရှည်အောင် ဘယ်လိုများ နေထိုင်ပါသလဲ သိပါရစေ။

အဘွားအို ။ ။ ....

သတင်းထောက် ။ ။ နေ့စဉ် အစားအစာတွေကော ဘယ်လို ရွေးချယ်စားသုံးပါသလဲ သိပါရစေ။

အဘွားအို ။ ။ ....

သတင်းထောက် ။ ။ နေ့စဉ် ကိုယ်လက်လှုပ်ရှားမှုကိုလည်း ပြောပြပေးပါဦး။

သတင်းထောက် ။ ။ အဘွားက ကျွန်တော်မေးသမျှ တစ်ခွန်းမှ ပြန်မဖြေဘူးနော် ဟု စိတ်ပျက်စွာ ညည်းညူလိုက်သည်။

ထိုအခါ အဘွားအိုက-

အဘွားအို ။ ။ ဘာမေးခွန်းမှမဖြေခဲ့လို့ အသက်ရှည်နေတာ ဟေ့....

သတင်းထောက် ။ ။ "ဗျာ"

ကမ္ဘာတစ်လွှားထူးထူးခြားခြားကလေးငယ်များ

ကမ္ဘာတစ်လွှားထူးထူးခြားခြားကလေးငယ်များ
ကမ္ဘာတစ်လွှားထူးထူးခြားခြားကလေးငယ်များ

စုစည်းတင်ပြသူ မောင်မောင်မြင့်ဆွေ   စာမျက်နှာဖွဲ့စည်းမှု-လှိုင်လှိုင်သင်း (မြန်မာ့အလင်း)

ကမ္ဘာပေါ်တွင် ကလေးငယ်သန်းပေါင်းများစွာရှိသည့်အနက် ထူးခြားသောကလေးငယ်အချို့ကို စုစည်းဖော်ပြလိုက်ရပါသည်။

အသန်မာဆုံးလူငယ်

အမေရိကန်နိုင်ငံ နီဗားဒါးပြည်နယ် ရီနိုမြို့သား အသက် (၁၁)နှစ်အရွယ် နီကိုလပ် အော်တစ်ဇ်အမည်ရှိ ကလေးငယ်တစ်ဦးသည် အလေးချိန် ၁၂၆ ပေါင်ရှိသည့် အခြားအမျိုးသမီးငယ်တစ်ဦးအား အချိန်နှစ်မိနစ်ကြာမျှ ဦးခေါင်းပေါ်တွင် မတင်ထားနိုင်သည်။ နီကိုလပ် အော်တစ်ဇ်သည် အလေးချိန် ၁၅၅ ပေါင်ရှိသည့် အမျိုးသားတစ်ဦးကိုလည်း လက်နှစ်ဖက်ဖြင့် အချိန်ကြာမြင့်စွာကိုင်မြှောက်ထားနိုင်သဖြင့် ကမ္ဘာပေါ်တွင် အသန်မာဆုံး လူငယ်အဖြစ် ကမ္ဘာ့မှတ်တမ်း၌ ဖော်ပြခံရသည်။ ***(အပေါ်ပုံ)*** ***(အင်တာနက်)***

အသက်အငယ်ဆုံး စစ်တုရင် ကစားသမား

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင် အသက်နှစ်နှစ် ရှစ်လအရွယ် ဂူဟာအမည်ရှိ ကလေးငယ်တစ်ဦးသည် စစ်တုရင်ကစားခြင်းကို ကျွမ်းကျင်စွာကစားနိုင်ရာ အသက် ခုနစ်နှစ်အောက် စစ်တုရင်ပြိုင်ပွဲ၌ ပါဝင်ဆင်နွှဲခဲ့ခြင်းဖြင့် ကမ္ဘာပေါ်တွင် အသက်အငယ်ဆုံး စစ်တုရင် ကစားသမားအဖြစ် ကမ္ဘာ့မှတ်တမ်း၌ ဖော်ပြခံရသည်။ (အောက်ပုံ)

(အင်တာနက်)

ခြေချောင်း၊ လက်ချောင်း အများဆုံး ကလေးငယ်

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ မြောက်ဘက် မိုင် ၁၀၀ခန့်အကွာ ကျေးရွာတစ်ရွာ၌ ၁၉၉၅ခုနှစ် ဇန်နဝါရီ ၉ရက်က မွေးဖွားခဲ့သော ဟာနေးအမည်ရှိ ငါးနှစ်အရွယ် ကလေးငယ်တစ်ဦး၏ လက်တစ်ဖက်လျှင် လက်ချောင်းခြောက်ချောင်းစီပါရှိသည်။ ထို့အတူ ခြေတစ်ဖက်တွင် ခြေချောင်းခြောက်ချောင်းနှင့်အခြားတစ်ဖက်တွင် ခြေချောင်းခုနစ်ချောင်းပါရှိသည်။ ထို့ကြောင့် ဟာနေး၏ ခြေနှင့် လက်ချောင်းလေးများအရေအတွက်မှာ စုစုပေါင်း ၂၅ချောင်းရှိသည်။ ထို့ကြောင့် ကမ္ဘာပေါ်တွင် ခြေချောင်းနှင့်လက်ချောင်း အများဆုံး ကလေးငယ်အဖြစ် မှတ်တမ်းတင်ခြင်းခံရသည်။ ***(အပေါ်ပုံ)*** ***(အင်တာနက်)***

ပုသိမ်မြို့နယ် ဦးတိုကြီးကျေးရွာ တိုးတက်အောင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်၊ ငွေပဒေသာပင် စိုက်ထူလှူဒါန်း

ပုသိမ် ဖေဖော်ဝါရီ ၂၁

ပုသိမ်ခရိုင် ပုသိမ်မြို့နယ် ဦးတိုကျေးရွာအုပ်စု ဦးတိုကြီးကျေးရွာတွင် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်မတည်ငွေနှင့် ကျေးရွာပြည်သူများ၊ စေတနာရှင် အလှူရှင်များ လှူဒါန်းငွေဖြင့် ဆောက်လုပ်ပြီးစီးခဲ့သည့် တိုးတက်အောင်စာကြည့်တိုက်ဖွင့်ပွဲအထိမ်းအမှတ် အလံပေးအပ်ပွဲနှင့် စာအုပ်၊ စာစောင်ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၈ရက် နံနက် ၉နာရီက အဆိုပါ စာကြည့်တိုက်ရှေ့နှင့် ကျေးရွာ ဓမ္မပါလကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ စာကြည့်တိုက်အဆောက်အအုံသစ် ဖဲကြိုးဖြတ်ဖွင့်လှစ်ပွဲ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးပါစည်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မာလာဝင်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးဇော်မိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ ရောဝတီတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးငွေထွန်းက စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး၊ စံ(၅) ချက်နှင့်ညီရေး လုပ်ငန်းများကို ပြောကြားသည်။

ဂုဏ်ပြုမှတ်တမ်းလွှာ

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးပါစည်က လူ့ဘဝတိုးတက် မြင့်မားရေးအတွက် စာအုပ်စာပေများ လေ့လာဖတ်ရှုရေးနှင့် စာကြည့်တိုက်အား ရေရှည်ရှင်သန်တိုးတက်စေရေး မှာကြားပြီး အဆောက်အအုံသစ်ဖွင့်ပွဲ အထိမ်းအမှတ်အလံများ ပေးအပ်ခဲ့ကြောင်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးဇော်မိုးက အဘက်ဘက်မှ ဝိုင်းဝန်းလှူဒါန်းပေးကြသော စေတနာရှင်အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ကုန်ကျခဲ့

အဆိုပါ တိုးတက်အောင် စာကြည့်တိုက် အဆောက်အအုံ၏ တန်ဖိုးမှာ ငွေကျပ် နှစ်ဆယ့်သုံးသိန်းကျော် ကုန်ကျခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

သံတွဲမြို့နယ် မော်ရုံကျေးရွာ နေမျိုးထွန်းစာကြည့်တိုက်ဆောက်လုပ်ရန် ငွေလှူဒါန်း

သံတွဲ ဖေဖော်ဝါရီ ၂၃

သံတွဲမြို့နယ် မော်ရုံကျေးရွာ နေမျိုးထွန်း စာကြည့်တိုက်ဆောက်လုပ်ရန်အတွက် ငွေလှူဒါန်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၇ရက် မွန်းတည့် ၁၂နာရီက သံတွဲမြို့နယ် မော်ရုံကျေးရွာတွင် ကျင်းပသည်။

အခမ်းအနားသို့ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းထိုက်၊ အဖွဲ့ဝင်ဦးထွန်းကြည်၊ စာကြည့်တိုက်ကော်မတီဝင်များ၊ Royal Beach Motel မန်နေဂျာဦးလှဖုန်း၊ ဦးထွေးတင်(မောင်မြထွေး-ပင်လယ်)နှင့် ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

လက်ခံယူ

ဆက်လက်၍ မော်ရုံကျေးရွာ နေမျိုးထွန်းစာကြည့်တိုက် ဆောက်လုပ်ရန် အလှူငွေကျပ် ၁၀သိန်းကို Royal Beach Motel ပိုင်ရှင် ဦးနေမျိုးထွန်းကိုယ်စား မန်နေဂျာ ဦးလှထွန်းနှင့် ဦးထွေးတင် (မောင်မြထွေး-ပင်လယ်)တို့က ပေးအပ်လှူဒါန်းရာ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းထိုက်နှင့်အဖွဲ့ဝင် ဦးထွန်းကြည်တို့က လက်ခံယူကြသည်။ **(ခရိုင် ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ် သတင်းများ

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မင်းဘူးမြို့ အမှတ် (၃)ရပ်ကွက် အမှတ် ၁၃လမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ကို ဖေဖော်ဝါရီ ၁၂ရက်က မင်းဘူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဌေးနှင့် မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ကတ္တရာလမ်းသစ်ဖွင့်

ဘုရားသုံးဆူမြို့ စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သည့် ခတ္တာလမ်း ကတ္တရာလမ်းသစ်ကို နယ်မြေခံတပ်ရင်းမှ ဒုတိယဗိုလ်မှူးကြီး မြတ်ထွဋ်အေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးကြည်နှင့် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ ဦးရဲလင်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

နောင်တရားမြို့နယ် အမက(မူလွန်) အဆောက်အအုံ ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်

နောင်တရား ဖေဖော်ဝါရီ ၂၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဂျပန်နိုင်ငံ နီပွန်ဖောင်ဒေးရှင်း စေတနာအဖွဲ့နှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်ခဲ့သော ရှမ်းပြည်နယ်(တောင်ပိုင်း) နောင်တရားမြို့နယ် ဘုရားဖြူကျေးရွာအုပ်စု မီးသွေးချောင်း အမက (မူလွန်)အား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၈ရက် နံနက် ၁၀နာရီက ကျောင်းဆောင်သစ်ခန်းမရှေ့၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်၊ ဂျပန်နီပွန် ဖောင်ဒေးရှင်း စေတနာအဖွဲ့ ဒါရိုက်တာ မစ္စတာ မာကိုတို ရီရာကီ၊ နတလဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ဆက်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်ကြည်ကြည်လှတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ နတလဦးစီးဌာန ဦးစီးအရာရှိ၊ မြို့နယ်ပညာရေးမှူး၊ စေတနာအဖွဲ့ ဒါရိုက်တာနှင့် ပအိုဝ်း အမျိုးသားအဖွဲ့ချုပ်(PNO)မှ လူမှုရေးတာဝန်ခံ ဦးခွန်မောင်ပေါ်တို့က အမှာစကားများ ပြောကြားကြသည်။

လွှဲပြောင်း

ထို့နောက် ကျောင်းဆောက်လုပ်ရေးနှင့်ပတ်သက်သော စာရင်းဇယားများနှင့် တကွ ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ရာ နတလဦးစီးအရာရှိ ဦးအောင်ဆက်က မြို့နယ်ပညာရေးမှူး ဒေါ်ကြည်ကြည်လှထံ လွှဲပြောင်းပေးအပ်သည်။

အထိမ်းအမှတ်အလံကို ကျောင်းကော်မတီဝင်များက သက်ဆိုင်ရာဌာန တာဝန်ခံများသို့ပေးအပ်ပြီး ဒေသခံပြည်သူများကိုယ်စား ဒေသထွက်လက်ဆောင်ပစ္စည်းများကို ကျောင်းအုပ်ဆရာကြီး ဦးခွန်သန်းလွင်က ပေးအပ်ချီးမြှင့်သည်။

ပြန်လည်ချီးမြှင့်

အဆိုပါစေတနာအဖွဲ့မှ ဆောက်လုပ်ခဲ့သော ကျောင်းဆောင်သစ်မှာ အလျားပေ ၉၀× အနံ ပေ၃၀ရှိ တစ်ထပ်တိုက်ဖြစ်ပြီး စေတနာအဖွဲ့က ငွေကျပ် ၁၉၅သိန်း၊ ဒေသခံပြည်သူများ ထည့်ဝင်လှူဒါန်းငွေကျပ် ၆၅သိန်းဖြင့် ပူးပေါင်းဆောင်ရွက်ပြီးစီးခဲ့ခြင်းဖြစ်သည်။ ယင်းကုန်ကျငွေများအပြင် စေတနာအဖွဲ့က လှူဒါန်းငွေများအပေါ် ပြန်အမ်းငွေကျပ် ၅၇သိန်းကို ကျောင်း၏ အထွေထွေရန်ပုံငွေအဖြစ် ပြန်လည်ချီးမြှင့်ပေးအပ်သည်။ (ဝ၂၂)

ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယဦးစီးမှူး (သန့်) ဦးဆန်းလှိုင်ဦးနှင့် အဖွဲ့ဝင်ထမ်းများ မြို့ပေါ်ရပ်ကွက်များရှိ ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်ရေးအတွက် အမှိုက်များ၊ နုန်းများဆယ်ယူရှင်းလင်း ဆောင်ရွက်စဉ်။ (သတင်းစဉ်)

မလှိုင်၌ ကတ္တရာလမ်းဖွင့်

မလှိုင် ဖေဖော်ဝါရီ ၂၁

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မလှိုင်မြို့ မြို့သစ်လမ်းမ(၂) ကတ္တရာလမ်းသစ် ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ရက် နံနက်က အဆိုပါလမ်းထိပ် မုခ်ဦး၌ကျင်းပရာ မြို့နယ်စည်ပင်သာယာအမှုဆောင်အရာရှိ ဦးရဲနိုင်က လမ်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ကတ္တရာ လမ်းသစ်ကို မြို့နယ်ဥက္ကဋ္ဌ ဦးသန်းရွှေနှင့် စည်ပင်အမှုဆောင် အရာရှိ ဦးရဲနိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ အဆိုပါလမ်းမှာ အရှည်ပေ ၁၂၆၀၊အကျယ် ၁၂ပေရှိပြီး ငွေကျပ် ၇၅ ဒသမ၇သိန်း အကုန်အကျခံ၍ မြို့နယ်စည်ပင်က ဖောက်လုပ်ခဲ့သည်။ ***(မြို့နယ် ပြန်/ဆက်)***

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် မြို့ရေပေးရေး လုပ်ငန်းများမှ တိုးချဲ့ရေပိုက်လိုင်းသစ် သွယ်တန်းနေမှုကို အမှုဆောင်အရာရှိ ဦးနီထွန်း ကွင်းဆင်းကြီးကြပ်ရာ လက်ထောက်အင်ဂျင်နီယာ ဦးအောင်မြင့်သန်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

လုံပု-နောင်ယုန်း ကျေးရွာချင်းဆက်လမ်းဖွင့် ပြည်သူများ သွားလာရေးအဆင်ပြေချောမွေ့

လှိုင်လင် ဖေဖော်ဝါရီ ၂၀

လှိုင်လင်ခရိုင် ကျေးသီးမြို့နယ်တွင် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဖေဖော်ဝါရီ ၄ရက် နံနက်၁၀နာရီက လုံပု-နောင်ယုန်းကျေးရွာ ချင်းဆက် ကျေးလက်ဒေသဖွံ့ဖြိုးရေး ကျောက်ချောလမ်းဖွင့်ပွဲ အခမ်းအနား ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝေလင်းနှင့် အဖွဲ့ဝင်များ၊ နယ်မြေခံတပ်နယ်မှ ဗိုလ်ကြီး လှိုင်ဘွားထွန်း၊ လမ်းအထူးအဖွဲ့(၁)မှ လက်ထောက်အင်ဂျင်နီယာ ဦးအေးကို၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျေးရွာသူ ကျေးရွာသားများ စုစုပေါင်း ၃၅၀ခန့် တက်ရောက်ကြသည်။

လုံပု-နောင်ယုန်း ကျေးရွာချင်းဆက် ကျောက်ချောလမ်းကို မြို့နယ်ဥက္ကဋ္ဌ ဦးဝေလင်း၊ ဗိုလ်ကြီးလှိုင်ဘွားထွန်းနှင့် လမ်းဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုးမွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

အဆင်ပြေချောမွေ့

လုံပု-နောင်ယုန်းကျေးရွာ ကျောက်ချောလမ်းသည် အရှည် ၁၃၆၅ပေ၊ အကျယ် ၁၂ပေရှိပြီး နိုင်ငံတော်မှ မတည်ငွေကျပ် ၁၅သိန်း၊ ပြည်သူများမှ ပါဝင်လှူဒါန်းငွေကျပ် ခြောက်သိန်း၊ လုပ်အားနှင့် ပစ္စည်းတန်ဖိုးငွေကျပ်ကိုးသိန်း စုစုပေါင်း ငွေကျပ်သိန်း ၃၀ အကုန်အကျခံ ဆောင်ရွက်ခဲ့သဖြင့် ကျေးရွာနေပြည်သူများ သွားလာရေး အဆင်ပြေချောမွေ့လာမည် ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

လယ်ယာစပါး ပြည့်အားထား တားဆီးကာကွယ် မီးရန်စွယ်

မီးဘေးကြိုတင်ကာကွယ်ရေး နွားထိုးကြီး၌ သရုပ်ပြလေ့ကျင့်

နွားထိုးကြီး ဖေဖော်ဝါရီ ၂၂

နွားထိုးကြီးမြို့ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စက်မှု(၁) အထည်အလိပ်လုပ်ငန်း (ဝါဂွမ်းစက်ရုံ) မီးသရုပ်ပြလေ့ကျင့်ပွဲကို ဇန်နဝါရီ ၃၀ရက်က အမှတ်(၁) ဝါဂွမ်းစက်ရုံ၌ ကျင်းပသည်။

လက်တွေ့သရုပ်ပြ

စက်ရုံတာဝန်ခံ ဦးညွန့်ဝင်း၊ မီးသတ်ဦးစီးမှူး ဦးစိန်ထွန်းနှင့် သန္ဓေမီးသတ်၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဝါဂွမ်းစက်ရုံ ဝန်ထမ်း ၃၀ကျော်နှင့် သရုပ်ပြမီးငြိမ်းသတ်မှုများ၊ လက်တွေ့ မီးငြိမ်းသတ်မှုများ၊ မီးသတ်ကားနှင့် လက်တွေ့သရုပ်ပြကြကြောင်းသိရသည်။ *(ဝ၉၂)*

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

တိုင်းရင်းသားအားလုံးသည် ပြည်ထောင်စုကြီးအတွင်း၌ နေထိုင်ကြသည်ဖြစ်
နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာ၌ ဒေသစွဲ၊ လူမျိုးစွဲ၊ ဝါဒစွဲမထားဘဲ

မြန်မာနိုင်ငံ အကျိုးစီးပွားတိုးတက်ရေး နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့ ပူးပေါင်းဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ကချင်ပြည်နယ် တနိုင်းမြို့၌ ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ တိုင်းမှူးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ စာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ဖေဖော်ဝါရီ ၂၅ရက် နံနက် ၇နာရီခွဲတွင် တနိုင်းမြို့ ပုံခန်းရပ်ကွက်ရှိ ဟူးကောင်းချိုင့်ဝှမ်း တိရစ္ဆာန်ဘေးမဲ့တော ပညာပေးပြခန်းသို့ ရောက်ရှိသည်။

ကြိုဆို

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ကချင်ပြည်နယ် သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူးဦးဇော်ဝင်း၊ ဟူးကောင်းချိုင့်ဝှမ်း တိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူး ဦးမြင့်မော်နှင့် ဝန်ထမ်းများက ကြိုဆိုကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဟူးကောင်းချိုင့်ဝှမ်း တိရစ္ဆာန်ဘေးမဲ့တော ပညာပေးပြခန်းအတွင်း ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

သာယာမည်

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။